# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့် ၊ ကြာသပတေးနေ့ ၊ (25-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဂီတ၊သဘင်၊ပန်းချီ၊ပန်းပု၊ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနတို့မှ စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူ ၇၄ ဦး၊ မဟာဝိဇ္ဇာ(ပထမနှစ်) ကျောင်းသား၊ကျောင်းသူ ၁၁ ဦး၊ မဟာဝိဇ္ဇာ(ဒုတိယနှစ်) ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၁၀၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် **စာမျက်နှာ ၁၇ ကော်လံ ၁**

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများဆွေးနွေး**

စာမျက်နှာ - ၁၆

**မန္တလေးမြို့အနီး ဧရာဝတီမြစ်အတွင်းတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိ**

စာမျက်နှာ - ၂

**လူတော် လူကောင်းတွေ ဖြစ်စေချင်**

ဆောင်းပါး

စာမျက်နှာ - ၂၂

## ထူးခြားသည့် ညအပူချိန်များ

၂၄-၁-၂၀၂၄

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | -၁ | ဒီဂရီစင်တီဂရိတ် | နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၃ | ဒီဂရီစင်တီဂရိတ် | တီးတိန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၄ | ဒီဂရီစင်တီဂရိတ် |
| | | | လွိုင်လင် | ၅ | ဒီဂရီစင်တီဂရိတ် |




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် Exhibition Venue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉-၆၆၈၈၈၈၈၈၃၊ ၀၉-၆၆၈၈၈၈၈၈၂





ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ပြာသို မြင်းခင်း မြတ်မိခင်ကျေးဇူးအထူးဆပ်ခြင်း

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်လဖြစ်ပြီး ဆောင်းဥတု၏အလယ်ဗဟိုကျသော လဖြစ်၍ အလွန်ချမ်းအေးလှသည်။ ပြာသိုလတွင် ရှေးမြန်မာများလက်ထက်က မီးထွန်းရေးကိစ္စအတွက် ပျားဖယောင်းများရှာဖွေရာတွင် မြောက်မြားစွာ ရှာဖွေစုဆောင်း၍ရသောလတစ်လလည်းဖြစ်သည်။

ပြာသိုလသည် ရှေးမြန်မာဘုရင်များလက်ထက်၌ မြင်းခင်းသဘင်ပွဲတော်ကို ပြာသိုလ၏ ရာသီပွဲအဖြစ် ဆင်ယင်ကျင်းပလေ့ရှိကြသည်။ မြင်းခင်းသဘင်ပွဲဟုအမည်တပ်ထားသော်လည်း မြင်းရေးပြပွဲ၊ လှံထိုးပြိုင်ပွဲ၊ ဓားခုတ်ပြိုင်ပွဲ၊ ဗလီခတ်ပြိုင်ပွဲ၊ လေးစွမ်းရည်ပြပွဲ၊ သေနတ်ပစ်ပြိုင်ပွဲ၊ ဆင်ခင်းပွဲတို့ကို တစ်ပွဲပြီးတစ်ပွဲ တစ်လလုံးလုံးကျင်းပကြလေ့ရှိသည်။ ထိုသို့ တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများမွေးထုတ်ပေးသည့် မြင်းခင်းသဘင်ပွဲတော်ကြီးသည် ဗြိတိသျှနယ်ချဲ့ခေတ်တွင် နိဂုံးချုပ်ခဲ့ရပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ မြန်မာတို့အဖို့ မင်္ဂလာကျက်သရေရှိသော ပြာသိုလပြည့်အမေနေ့ဟူသော နေ့ထူးနေ့မြတ်ပေါ်ပေါက်လာခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ပြာသိုလပြည့်အမေနေ့အဖြစ် စာရေးဆရာ၊ ဒါရိုက်တာဦးသုခက စတင်သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြာသိုလပြည့်အမေနေ့ဟုသတ်မှတ်ရာတွင်လည်း အထင်ကရစာဆိုများဖြစ်သည့် ဆရာကြီး ဦးသော်ဇင်၊ ဒဂုန်ဦးစန်းငွေ၊ ဦးရန်အောင်၊ တက်တိုး၊ စာရေးဆရာမကြီးများထဲတွင် လူထုဒေါ်အမာ၊ ဒေါ်စောမုံညင်း၊ ဒေါ်ခင်မျိုးချစ်စသည့် စာပေပညာရှင်များက ဆရာကြီး ဦးသုခနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ယနေ့တိုင်လည်း စာရေးဆရာများနှင့်ကုသိုလ်ရှင်များစုပေါင်း၍ ပြာသိုလပြည့်အမေနေ့ကို ဗိုဗိုပြင်ပြင်သတ်မှတ် ပူဇော်ကျင်းပကြလျက်ရှိသည်။

အမေ့ကျေးဇူး တစ်နည်းအားဖြင့် မိဘကျေးဇူးကို သာမန်ဆပ်ရုံဖြင့် မကျေနိုင်ကြောင်းကို" အမိဟူသည်၊ လူတို့ပြည်ဝယ်၊ နို့ရည်တိုက်ကျွေး၊ ငယ်ကမွေးလျက်၊ နို့ကြွေးတင်ရှိ၊ မဆပ်တို့တည့်၊ ဤလောက၌၊ ဘကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်သို့၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး"ဟူ၍ မဃဒေဝလင်္ကာကျမ်းတွင် ဖွဲ့ဆိုပြထားရာ အလွန်အင်မတန်မှကို ကျေးဇူးကြီးမားလှသော မိဘတို့၏ဂုဏ်ကျေးဇူးကို လောကီနည်းဖြင့် သာမန်ကျေးဇူးဆပ်ပါက မကျေနိုင်ပေ။

မိဘကျေးဇူး အထူးဆပ်ခြင်း၊ မိခင်၏ကျေးဇူးကို အကျေဆပ်နိုင်ရန် နည်းလမ်းကောင်းကို မြတ်စွာဘုရားက မိခင် ဖခင်တို့ကို သဒ္ဓါတရား၊ သီလ၊ စာဂ၊ ပညာတို့လေးလေးနက်နက် ခိုင်ခိုင်ခံ့ခံ့တည်မြဲအောင် ဓမ္မနည်းဖြင့် အကျိုးဆောင်ပေးနိုင်ပါက မိဘကျေးဇူးအကျေဆပ်ရာမည်ကြောင်း အထင်အရှားဟောတော်မူခဲ့ပါသည်။

ထို့ကြောင့် မွေးမေမေ၏ မေတ္တာအနန္တကြောင့် လူ့ဘဝရောက်ခဲ့ရသူတိုင်းသည် မွေးမေမေ၏ ကျေးဇူးကို တတ်စွမ်းသရွေ့ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ မိဘကျေးဇူးအဖုံဖုံကို ကျေးဇူးကျေခြင်း၊ မကျေသေးခြင်းကို အာရုံမများဘဲ ကျေးဇူးအထူးဆပ်နေဖို့သာ အဓိကဟု နှလုံးသွင်းကာ နေ့စဉ်နေ့တိုင်း အမေနေ့၊ အဖေနေ့ဟုသတ်မှတ်ပြီး ကျေးဇူးတုံ့ပြန်နေရန် အဓိကကျပါသည်။ ကျေးဇူးသိ၊ ကျေးဇူးပြန်ပြုနေသော သားကောင်းသမီးရတနာတို့တွင်လည်း နေ့စဉ်နှင့်အမျှ ကုသိုလ်တရားတို့ တိုးပွားနေကာ ကျက်သရေတက်နေဝန်းသို့ထွန်းလင်းဖြာဝေနေမည်ဖြစ်၍ ပြာသိုလပြည့်အမေနေ့ ရက်မြတ်အချိန်ကအစပြုကာ မိဘကျေးဇူးအကျေဆပ်နိုင်သူများအဖြစ် ကြိုးပမ်းသင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့အနီး ဧရာဝတီမြစ်အတွင်းတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးမြို့အနီး ဧရာဝတီမြစ်အတွင်းတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များနေရာပြောင်း၍ အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များအနေဖြင့် မင်းကွန်းအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခုလက်ရှိ ဇန်နဝါရီ ၂၃ ရက်မှစ၍ မန္တလေးမြို့အနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင် ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေနည်းချိန်ဖြစ်တာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေး ဇိုရီယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မန္တလေးမြို့အနီးမှာ အုပ်စုလိုက် နေထိုင် ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ ဇန်နဝါရီ ၂၃ ရက်က တွေ့မြင်ထားပါတယ်" ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ဖြစ်သည့်အတွက် ဧရာဝတီလင်းပိုင်များအနေဖြင့် ၎င်းတို့အတွက် အစာရေစာပေါများသည့် မန္တလေးမြို့အနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ပြည်တွင်းမှ ခရီးသွားဧည့်သည်များအနေဖြင့် မန္တလေးမြို့အနီးတွင် သွားရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

"အခု ဧရာဝတီလင်းပိုင်တွေ ကျက်စားနေတဲ့ မန္တလေး-ကျောက်မြောင်းကြားကို သွားကြည့်တော့ လတ်တလော လင်းပိုင်တွေအသေအပျောက်မရှိသေးပါဘူး။ လင်းပိုင်သားပေါက်တွေလဲ ထပ်ပြီးမတွေ့ရသေးဘူး။ တကယ်လို့ ဧရာဝတီလင်းပိုင် သားပေါက်တွေကို ရေလုပ်သားတွေအနေနဲ့ တွေ့ရှိခဲ့ရင်လဲ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ကို အကြောင်းကြားပေးကြဖို့ လိုပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်း အခမဲ့သင်ကြားပေးမည်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ လျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းကို တစ်လကြာ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဖေဖော်ဝါရီလအတွင်း သင်တန်းသားဦးရေ ၂၀ လက်ခံ၍ ဌာနမှ ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့နည်းများဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်များရရှိကာ မိသားစုဝင်ငွေလည်း တစ်ဖက်တစ်လမ်းမှရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ အခြေခံကျတဲ့ လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်လှစ်သင်ကြားပေးရတာဟာ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့ပါ။ ဖေဖော်ဝါရီလထဲမှာ သင်ကြားပေးသွားမှာပါ။ မန္တလေးမြို့နဲ့နီးတဲ့ ကျေးရွာတွေမှာ သင်တန်းပေးမှာပါ။ ရွာကိုတော့ မရွေးချယ်ရသေးပါဘူး။ ကွင်းဆင်းစည်းရုံးပြီးတော့ ဆောင်ရွက်သွားမှာပါ။ အခုလို သင်ကြားပေးမဲ့ နည်းပညာတွေနဲ့ မိမိတို့တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းတွေ ထူထောင်လာနိုင်စေဖို့ပါ။ ပြင်ပက အလုပ်ရုံတွေ၊ ဝပ်ရှော့ခ်တွေမှာ ဝင်ရောက်ပြီး အလုပ်လုပ်ကိုင်နိုင်စေဖို့လဲဖြစ်ပါတယ်။ နည်းပညာတွေ ရရှိသွားတဲ့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေပါတယ်။ ကျေးလက်နေပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့အတွက် နယ်တွေထိကွင်းဆင်းပြီး အခမဲ့သင်ကြားပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်နှင့် တောင်ပေါ်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့်တောင်ပေါ်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မြေပြန့်နှင့် တောင်ပေါ်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းသီးများ မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိတွင် ဈေးနှုန်းများမှာလည်း အမျိုးအစားအလိုက် ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ ထိရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီးအဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသနဲ့ တောင်ပေါ်ဒေသက ခရမ်းသီးတွေ ဈေးကွက်ကို အများဆုံးဝင်ရောက်လာတာပါ။ ဝင်ရောက်လာတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ အောင်ပန်းဒေသနဲ့ ကျောက်ဆည်ဒေသတစ်ဝိုက်က ခရမ်းသီးတွေပဲ ထွက်တာပါ။ ကုန်စိမ်းသီးနှံတွေက ဈေးကိုပုံမှန်ဝင်ရောက်နေပါတယ်။ ဈေးမှာရောင်းသူဝယ်သူတွေနဲ့စည်ကားပြီး အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ အာလူး၊ ကြက်သွန်များလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုက်လတ်မြို့နယ်မှ ဘိုကလေးမြို့နယ်သို့ ဒီဇင်ဘာလအတွင်း ကွမ်းရွက် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ဘိုကလေးမြို့နယ်သို့ ဒီဇင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ဘိုကလေးမြို့နယ်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ကွမ်းရွက်ပိဿာချိန် ၄၅၀၀၀ သာတင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းရွက်ပိဿာချိန် ၇၅၀၀၀ တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒီဇင်ဘာလထဲမှာ ဘိုကလေးမြို့နယ်ဘက်က ဝယ်လက်တွေက ကွမ်းရွက်တွေ ဝယ်ယူမှု အားကောင်းလာခဲ့တယ်။ အဲဒီလို ကွမ်းရွက်တွေဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်ပျိုးသူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိပါတယ်။ ဒီဇင်ဘာလထဲမှာ ကျိုက်လတ်မြို့နယ်ကနေ ဘိုကလေးမြို့နယ်ဘက်ကို ကွမ်းရွက်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကထွက်တဲ့ကွမ်းရွက်တွေအပါအဝင် တခြားသီးနှံတွေကို ဘိုကလေးမြို့နယ်ကိုပဲ တင်ပို့ရောင်းချတာ များပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ကျိုက်လတ်ဈေးအပြင် ဘိုကလေးမြို့နယ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကျိုက်လတ်မြို့နယ်မှ ဒေသထွက်ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသတွင် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို ရွာသာကြီး၊ ဧရာကြီး၊ တောင်ဖို့ကြီး၊ သဲကုန်း၊ ကသစ်တန်း၊ သူဇာဌ၊ ၄က်ပျော်တော၊ ကျောင်းစု၊ တာပြတ် စသည့် ကျေးရွာတို့တွင် အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူ မိသားစုက ဦးကျော်ရှိန်၊ ဦးကျော်မြင့်၊ ဦးဖိုးသာတို့အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်း၊ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၀၇ ဧက စိုက်ပျိုးပြီးစီး





**ရွှေဘို ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၁၀၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၈၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ဧက ၁၁၀၃၀ စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၁၀၈၀၇ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ၆၂၈၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၁၈ ဧက စုစုပေါင်း ၁၀၈၀၇ ဧက ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ၆၅၁၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၁၅ ဧက စုစုပေါင်း ဧက ၁၁၀၃၀ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ကုန်းသာကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**တောင်သာ ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ ဦးစီးအရာရှိ(နည်းပညာ) တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ခင်မာပိုနှင့် ဝန်ထမ်းများက ကုန်းသာကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

တောင်သာမြို့နယ် ကုန်းသာကျေးရွာ၌ အရှည် ၂၀၄၉ ပေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၈၁ သိန်း စုစုပေါင်း ငွေကျပ် ၁၃၁ သိန်းဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင်ဇန်နဝါရီလ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

# ဝါးခယ်မမြို့နယ် ညောင်ပင်ဆိပ်အထက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဆိပ်အထက်စုကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ဆိပ်အထက်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် တစ်သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



# ပင်လယ်မြို့ဟောင်းမှ အသစ်တွေ့အထောက်အထားများ (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

ပင်လယ်မြို့ဟောင်းသည် ကူမဲမြို့၏ အရှေ့တောင်ယွန်းယွန်း ငါးမိုင်ခန့်အကွာတွင်ရှိသည်။ ကူမဲမြို့မှကား၊ ဆိုင်ကယ်များဖြင့် အလွယ်တကူသွားနိုင်သည်။ လတ္တီတွဒ်၊ လောင်ဂျီတွဒ်အားဖြင့် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၀ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၅၁ စက္ကန့်တွင် တည်ရှိသည်။ ယခင်က ဤနေရာတွင် ပင်လယ်မြို့ဟောင်း(မိုင်းမောမြို့ဟောင်း)တည်ရှိနေမှန်း မသိခဲ့ကြချေ။ ၁၉၆၅ ခုနှစ်တွင် သစ်တောဓာတ်ပုံအင်ဂျင်နီယာ ဦးအောင်မြင့်သည် ကျောက်ဆည်လွင်ပြင်တစ်ဝိုက်ရှိ မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံဖြင့်ရှာဖွေရင်း ပင်လယ်မြို့ဟောင်း(မိုင်းမောမြို့ဟောင်း)ကို တွေ့ရှိလာခဲ့ခြင်းဖြစ်သည်။ သူ၏ "ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ"စာအုပ်တွင်လည်း ပင်လယ်မြို့ဟောင်း(မိုင်းမောမြို့ဟောင်း)အကြောင်းကို ရှေ့ဆုံးက ဖော်ပြခဲ့သည်။

**ဇမ္ဗူကွန်ချာကျမ်းလာ ပင်လယ်မြို့ဟောင်း**

ပင်လယ်မြို့ဟောင်းသည် ဆရာကြီးဦးအောင်မြင့် ရှာဖွေဖော်ထုတ်မပေးမီက ရှိမှန်းမသိခဲ့သော်လည်း ရှေးဟောင်းမှတ်တမ်းများတွင်ကား ပင်လယ်မြို့အကြောင်းဖော်ပြထားသည်ကို တွေ့ရသည်။ ဇမ္ဗူကွန်ချာကျမ်း၌ ပင်လယ်မြို့ဟောင်း၏အကြောင်းကို ဤသို့ တွေ့ရသည်။

"ဘုရားလေးပါးတို့သည် ယင်းသည်အရပ်တွင် တဖြစ်စီချည်းဖြစ်တော်မူဘူးသော အရပ်တည်း။ မဂ္ဂရောဇ်ပြည်ကသည် ဥတ်ရှင်ပဥ္စာလိရောဇ်ပြည်ဖြစ်ပြန်၏။ ထိုပြည်၌ မင်းအစကား ဂါနုတကာလုတုပ္ပမင်းပြု၏။ အဆုံးကား စေတိဿမင်းပြု၏။ မင်းဆက်ကား ကိုးကျိပ်ခုနစ်ယောက်ဖြစ်၏။ ဓမ္မသုန္ဒမင်းသည် တရားဟောမည့်သူကို သပြာတထောင်ထုပ်နှင့်ရှာလေသော် တရားဟောမည့်သူကိုမရ၍ ပြည်ကို မိဖုရားနှင့်အမတ်တို့အားအပ်ခဲ့၍ ကိုယ်တစ်ခုတည်းထွက်လေသော် သိကြားနေရာ ပဏ္ဍုကမ္ဗလာပြင်တင်းရှိ၍ သိကြားမင်းကြည့်လေလျှင် ဓမ္မသုန္ဒမင်းသည် တရားဟောမည့်သူကို ရှာအံ့သောငှာထွက်သည်ကိုမြင်၍ ဘီလူးအယောင်ဖန်ဆင်း၍ မင်းအားတရားဟော၍ နတ်ပြည်သို့ဆောင်လေ၏။ နတ်ပြည်က ပို့ပြန်လှာ၍ ပြည်သို့ဝင်လျှင် ငွေမိုးရွစ်ကြိမ်ရွာ၏။ တရုတ်ဥတည်ဘွားကလည်း သမီးကလျာဆက်လှာ၏။ ဆဒ္ဒန်ဆင်ဖြူပျံကိုလည်း သိကြားမင်းက ပို့လှာပေး၏။ ထိုဆင်ပျံနှင့် စကြာဝဠာတန်တိုင်းသို့ ၃ ခေါက်ရောက်၏။ စေတိဿမင်းလက်ထက်ကား အမတ်သေသော် အမွေကိုတောင်း၏။ ပြည်သူတို့သေသော်လည်း အမွေတောင်း၏။ ပြည်သူတကာတို့ ပူဆာကုန်၏။ သိကြားမင်းလှာ၍ ၃ ကြိမ်ဆုံးမလှာ၏။ မနာလိုသောကြောင့် သိကြားလည်း သမုဒ္ဒရာစောင့်သောနတ်ကိုခေါ်၍ ဤပြည်ကိုဖျက်ဘိဟုစေ၏။ သမုဒ္ဒရာစောင့်သောနတ်တို့သည်လည်း လှိုင်းတံပိုးရေကို ယူဆောင်ခဲ့၍လာ၏။ စေတိဿမင်းလည်း ပြည်ကိုမဖျက်ပါလင့်။ ငါ့သမီးကိုယူပါလေဟုပေး၏။ သမုဒ္ဒရာစောင့်သောနတ်တို့သည်လည်း လူ့သမီးကို ဘယ်ပြုယူမည်နည်း။ သိကြားဆုံးမသည်ကို နာပါလော့ဟုပယ်လေ၏။ ပင်လယ်ဝှေ၍ဖျက်လေ၏။ စေတိဿမင်းလည်း သေလေလျှင် ငရဲခံရလေ၏။ ရေဖျက်သောအခါ မတရားသောသူတို့သည်ကား မျောပါလေကုန်၏။ တရားသောသူတို့သာကြွင်းကုန်၏။ ကကုသန်ဘုရားလက်ထက်ကား'နာမံ'ဟု တွင်၏။ ကောဏာဂုံဘုရားလက်ထက်ကား'နာမပဋ္ဌက'ဟု တွင်၏။ ကဿပဘုရားလက်ထက်ကား'ဥတ္တရာ'ဟု တွင်၏။ ဂေါတမဘုရားလက်ထက်ကား 'ဥတ်ရောင် ပဥ္စလရာဇ်'ဟု တွင်၏။ ပျူတို့တွင်မှ'ပင်လယ်'ဟု တွင်၏။"

ယခုဖော်ပြခဲ့သည်မှာ ဇမ္ဗူကွန်ချာကျမ်း၌တွေ့ရသော ပင်လယ်မြို့အကြောင်းကို အလုံးစုံထုတ်နုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဤမှတ်တမ်းသည် ခေတ်သုတေသီတချို့ သတိပြုရမည့်အချက်ပင်ဖြစ်သည်။ ခေတ်သုတေသီတချို့က မြန်မာရာဇဝင်မှတ်တမ်းများတွင်ပါရှိသော အချို့အကြောင်းအရာများကို ဒဏ္ဍာရီပုံပြင်များဟုဆိုကာ ပစ်ပယ်တတ်ကြလေသည်။ သူတို့ဆိုသလို မြန်မာရာဇဝင်တို့၌ပါရှိသော အကြောင်းအရာတချို့သည် ဒဏ္ဍာရီပုံပြင်ဆန်ကောင်းဆန်နိုင်ပေသည်။ သို့သော် ထိုအကြောင်းအရာများသည် မူလတကယ် အဖြစ်ပျက်ပေါ်တွင် အကြောင်းခံ၍ဖြစ်ပေါ်လာခြင်းလည်း ဖြစ်နိုင်ပေသည်။ ၎င်းအချက်ကို ဇမ္ဗူကွန်ချာကျမ်းလာ ပင်လယ်မြို့ဟောင်းအမှတ်အသားက ပို၍ထင်ရှားစေသည်။ ဆရာကြီးဦးအောင်မြင့်မဖော်ထုတ်ပေးမီက ပင်လယ်မြို့ဟောင်းရှိမှန်း မသိခဲ့ကြပေ။

❖ ပင်လယ်ဟူသောအမည်သည် စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။ ရှေးမှတ်တမ်းတို့အလိုအရ ပင်လယ်မြို့ကြီးမှာ မင်းဆိုးမင်းယုတ်တို့ လက်ထက်တွင် နတ်တို့မနှစ်မြို့သောကြောင့် ရေပင်လယ်ဝေစေ၍ ပျက်စေခဲ့ရာမှ ပင်လယ်မြို့ဟုအမည်တွင်ကြောင်း ယူဆလိုသူများရှိကြသည်။ သို့သော် တစ်မျိုးစဉ်းစားစရာရှိသည်မှာလည်း ရှမ်းဘာသာတွင် 'ပင်'ပုဒ်သည် လွင်ပြင်၊ ပြင်ကျယ်ကို ဆိုခြင်းဖြစ်သည်။ 'လယ်'၏အနက်မှာလည်း ကျယ်ပြန့်သောမြေ၊ မြေပြန့်ကျယ်ဟူ၍ အဓိပ္ပာယ်ရသည်။ ❖

ဆရာကြီးဦးအောင်မြင့်ဖော်ထုတ်ပေးခဲ့မှ မြေပြင်ပေါ်တွင် ပင်လယ်မြို့ဟောင်းရှိမှန်း သိလာကြသည်။ ဆရာကြီး ဦးအောင်မြင့်၏ဖော်ထုတ်ချက်သည် ဇမ္ဗူကွန်ချာကျမ်းလာ ပင်လယ်မြို့ဟောင်းရှိသည်ဟူသောအဆိုကို ထောက်ခံပေးလိုက်ခြင်းသာဖြစ်ပေသည်။ ထို့ကြောင့် ခေတ်သုတေသီတို့သည် ရှေးမြန်မာရာဇဝင်မှတ်တမ်းတို့၌လာရှိသော အမှတ်အသားလမ်းစကို စွဲကိုင်ပြီး စာပေမှတ်တမ်းလာမြို့ဟောင်းများကို မြေပြင်တွင် ရှာဖွေဖော်ထုတ်ရန် ကြိုးစားသင့်သည်။

**မိုင်းမောဟူသည်**

မိုင်းမောမြို့ဟူသောအမည်မှာ စာပေမှတ်တမ်းလာအမည်မဟုတ်ပေ။ မိုင်းမောမြို့ဟောင်းကို စတင်ဖော်ထုတ်ပေးခဲ့သူ ဆရာကြီးဦးအောင်မြင့်က မြို့ဟောင်း၏ အနီးဆုံးနေရာတွင်ရှိသော မိုင်းမောရွာကိုအစွဲပြုပြီးပေးထားခဲ့သော အမည်ဖြစ်သည်။ မိုင်းမောဆိုသည်မှာ ရှမ်းစကားဖြစ်ပြီး 'မက်မော'ဟူသောစကားမှဆင်းသက်လာသည်ဟု ဆိုကြသည်။ အဓိပ္ပာယ်မှာ မောရှမ်းအမျိုးအနွယ်အမျိုးသမီးတစ်ဦးကို စတေး၍ မြို့တည်ခဲ့သဖြင့် မက်မောမှ မိုင်းမောဖြစ်လာသည်ဟု ဆိုခြင်းဖြစ်သည်။ ထိုစကားနှင့်ဆက်စပ်၍ သိရသည်မှာ ကိုလိုနီခေတ်က အင်္ဂလိပ်တို့သည် မိုင်းမောမြို့ဟောင်းကိုဖြတ်ပြီး ရထားလမ်းဖောက်လုပ်ခဲ့ရာ ဇမ့်ကြီးရွာအနီးမှ စဉ့်အခေါင်းဖြင့် မပုပ်မသိုးအောင် ဆေးရည်စိမ်ထားသော လွန်စွာလှပချောမောလှသည့် အမျိုးသမီးအလောင်းတစ်လောင်းကို တူးဖော်တွေ့ခဲ့ရသည်ဟု ဆိုသည်။ အလောင်းမှာ လူသားပကတိအတိုင်းရှိနေခဲ့သည်ဟု ဆိုကြပြီး ထိုအလောင်းကို အင်္ဂလိပ်တို့က ဖျက်ဆီးပစ်လိုက်သည်ဟု သိရသည်။ ၎င်းစကားသည်သာ အမှန်တကယ်ဖြစ်ခဲ့သည်ဆိုပါက မပုပ်မသိုးအောင် ဆေးရည်စိမ်သောအတတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက မြန်မာတို့တတ်မြောက်နေသည်ဟု ဆိုရမည်ဖြစ်သည်။ မှတ်တမ်းတချို့တွင် မိုင်းမောမြို့ကို ရှမ်းစော်ဘွားတစ်ဦးက အုပ်ချုပ်ခဲ့သည်ဟုလည်းဆိုကြသည်။ ထိုအဆိုကို ဆရာကြီးဒေါက်တာသန်းထွန်းက "ရှမ်းကုန်းပြင်မြင့်ရဲ့ အနောက်တောင်စောင်းနဲ့နီးတဲ့ နေရာဖြစ်လို့ ဒီနေရာမှာ ရှမ်းတွေကုန်းမြင့်ကဆင်းပြီး နေသွားတယ်လို့ထင်မယ်ဆိုရင်လဲ ထင်လောက်စရာ ဖြစ်ပါတယ်။ ဒီနေရာတစ်ဝိုက်မှာ ရှမ်းနာမည်တွေနဲ့ ရွာတွေရှိတာက ဒီယူဆချက်ကို ထောက်ခံနေပါတယ်။ ရှမ်းတွေဟာ ခရစ်နှစ် ၁၄ ရာစုက နေခဲ့ကြတယ်။ မိုင်းမောဆိုရင် ခရစ်နှစ် ၁၈ ရာစုထိ ရှမ်းလက်အောက်မှာပဲရှိနေတယ်"ဟူ၍ ရေးသားဖူးသည်။

ဆရာကြီးဦးစိန်မောင်ဦးက မိုင်းမောရွာပတ်ဝန်းကျင်ရှိ ကုန်းဘောင်ခေတ်လက်ရာ စေတီပုထိုးများကို အထောက်အထားပြုပြီး မိုင်းမောရွာသည် မြို့ဟောင်းကြီးပျက်သုဉ်းပြီးနောက် ရှမ်းရိုးမမှ ရှမ်းကုန်သည်များ မြေပြန့်ဒေသသို့ဆင်းလာရာတွင် ခရီးတစ်ထောက်နားရာမှ တည်ထောင်ခဲ့သည့် ကုန်းဘောင်ခေတ်တည် ရွာတစ်ရွာဖြစ်ကြောင်း လေ့လာကောက်ချက်ချထားပေသည်။

ဒေသခံတို့ကမူ သူတို့၏မိုင်းမောရွာကလေးသည် မိုင်းမောဟူသောမြို့ဟောင်းကြီးကိုအစွဲပြုပြီး ခေါ်လာခဲ့သောအမည်ဟု ယုံကြည်နေကြသည်။ မိုင်းမောမြို့ဟောင်းကို ပင်လယ်မြို့ဟောင်းဟုခေါ်လာရခြင်းမှာ ရှေးရာဇဝင်ကျမ်းများ၌တွေ့ရသော ပျူပင်လယ်မြို့သည် မိုင်းမောမြို့ကိုပင်ဆိုကြောင်းသိလာရသဖြင့် ပင်လယ်မြို့ဟု ပြောင်း၍ခေါ်ခဲ့ကြခြင်းဖြစ်သည်။ ဤနေရာတွင် သတိပြုရန်မှာ ဤမြို့ဟောင်း၏တောင်ဘက်နှစ်မိုင်ခန့်အကွာတွင်တည်ရှိသော သီဟသူ၏ပင်လယ်မြို့ဟောင်းနှင့် မရောထွေးမိစေရန်ဖြစ်ပေသည်။ ဆရာကြီး ဦးရည်စိန်က ပျူပင်လယ်မြို့ဟောင်းမှာ တရုတ်ထန်မင်းဆက်သမိုင်းလာ ပျူတပ်မြို့ကိုးမြို့တွင် ထူမင်မြို့ပင်ဖြစ်ကြောင်း မိန့်ဆိုထားသည်။

**ပင်လယ်ဟူသောအမည်**

ပင်လယ်ဟူသောအမည်သည် စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။ ရှေးမှတ်တမ်းတို့အလိုအရ ပင်လယ်မြို့ကြီးမှာ မင်းဆိုးမင်းယုတ်တို့လက်ထက်တွင် နတ်တို့မနှစ်မြို့သောကြောင့် ရေပင်လယ်ဝေစေ၍ ပျက်စေခဲ့ရာမှ ပင်လယ်မြို့ဟုအမည်တွင်ကြောင်း ယူဆလိုသူများရှိကြသည်။

သို့သော် တစ်မျိုးစဉ်းစားစရာရှိသည်မှာလည်း ရှမ်းဘာသာတွင် 'ပင်'ပုဒ်သည် လွင်ပြင်၊ ပြင်ကျယ်ကိုဆိုခြင်းဖြစ်သည်။ 'လယ်'၏အနက်မှာလည်းကျယ်ပြန့်သောမြေ၊ မြေပြန့်ကျယ်ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် 'ပင်လယ်'ဟူသောအမည်သည် ကျယ်ပြန့်သောမြေပြန့်လွင်ပြင်ကျယ်ဟု အဓိပ္ပာယ်ရသည်။ ဤဖွင့်ဆိုချက်သည် ပင်လယ်ဟူသောအမည်နှင့်ပို၍နီးစပ်သည်။ ရှမ်းရိုးမတောင်တန်းများပေါ်က ကြည့်လိုက်လျှင် ပင်လယ်မြို့ဟောင်းနေရာသည် ကြီးမားကျယ်ပြန့်သောလွင်ပြင်ကြီးဖြစ်နေသည်။ ၎င်းနေရာ၌မြို့တည်သောအခါတွင် ကြီးမားကျယ်ပြန့်သော လွင်ပြင်ကြီးနေရာဖြစ်သောကြောင့် ပင်လယ်မြို့ဟု အမည်ပေးခဲ့ခြင်းဖြစ်နိုင်သည်။

**ပင်လယ်မြို့ပုံစံနှင့် အကျယ်အဝန်း**

ပင်လယ်မြို့ဟောင်းသည် သရေခေတ္တရာ၊ ဝေဿလီ စသည့် ပျူမြို့ဟောင်းများကဲ့သို့ပင် အဝန်းအဝိုင်းပုံစံရှိသည်။ ရှေးဟောင်းပျူမြို့တော်များတွင် သရေခေတ္တရာမြို့ဟောင်းသာ ပင်လယ်မြို့ဟောင်းထက်ကြီးသည်ကို တွေ့ရသည်။ အခြားပျူမြို့ဟောင်းတို့မှာ ပင်လယ်မြို့ဟောင်းထက် သေးငယ်ပေသည်။ ပင်လယ်မြို့ဟောင်းသည် အခြားပျူမြို့ဟောင်းများနှင့်မတူသော ထူးခြားမှုများရှိသည်။ ၎င်းမှာ မြို့ရိုးသုံးထပ်ရှိခြင်းဖြစ်သည်။ မြို့ရိုးသုံးထပ်တွင် အပြင်ဘက်ဆုံးမြို့ရိုးနှင့်အတွင်းဘက်ဆုံးမြို့ရိုးမှာအဝန်းအဝိုင်းပုံစံဖြစ်သည်။ ဒုတိယမြို့ရိုးခေါ် အလယ်မြို့ရိုးမှာ စတုဂံလေးထောင့်မြို့ရိုးဖြစ်သည်။

အပြင်ဘက်ဆုံးမြို့ရိုးကြီး၏ ပတ်ပတ်လည်အလျားမှာ ၅ ဒသမ ၈၉၁ မိုင်ခန့်(ခြောက်မိုင်နီးပါး)ရှည်လျား၍ ဧကအားဖြင့် ၁၇၁၇ ဒသမ ၇၆ ဧကခန့်ကျယ်ဝန်းသည်။ အလယ်စတုဂံပုံမြို့ရိုးမှာ မြို့ရိုးပတ်ပတ်လည် အလျားပေါင်း ၂ ဒသမ ၆၄၅ မိုင် ရှည်လျား၍ ၂၇၈ ဒသမ ၁၃၃ ဧကခန့်ကျယ်ဝန်းသည်။ အတွင်းဆုံးမြို့ရိုးအဝိုင်းမှာလည်း မြို့ရိုးပတ်ပတ်လည် အလျားပေါင်း ၁ ဒသမ ၄၀၉ မိုင်ခန့်ရှည်လျား၍ ၉၈ ဧကခန့်ကျယ်ဝန်းသည်။

**မြို့ရိုးသုံးခုအခြေအနေ**

မြို့ရိုးသုံးခုစလုံးမှာ အုတ်မြို့ရိုးများဖြစ်သည်။ အပြင်ဘက်ဆုံးမြို့ရိုးကို ထင်ရှားစွာတွေ့ရသည်။ အုတ်မြို့ရိုးမှာ အချို့နေရာတွင် မြေပြင်နှင့်တစ်ညီတည်းဖြစ်နေသော်လည်း အချို့နေရာ၌ အုတ်မြို့ရိုးအမြင့် ၁၂ ပေခန့်ထိ ကျန်ရှိနေသည်ကိုတွေ့ရသည်။ ဆရာကြီးဦးအောင်မြင့်သွားရောက်လေ့လာခဲ့စဉ်က မြို့ရိုးနေရာအနှံ့အပြားတွင် တူးဖော်၍ အုတ်များရောင်းစားနေသည်ကို တွေ့ရသည်ဟုဆိုသည်။ ထိုသို့တူးဖော်ထားသောကျင်းနေရာများကို တိုင်းတာကြည့်ရာ အနက်ငါးပေထိ အုတ်များရှိနေသေးသည်ဟု သိရသည်။


အုတ်များတူးဖော်ထားသော အချို့ကျင်းကြီးများမှာ အလျား ပေ ၃၀၊ အနံ ၁၂ ပေ၊ အနက် ခြောက်ပေခန့်ထိရှိသည်ဟု သိရသည်။ အနက်ခြောက်ပေခန့်ထိ တူးဖော်ထားသော်လည်း အုတ်များမှာ မကုန်သေးပေ။ တူးဖော်ထားရာတွင်တွေ့ရသော အုတ်ချပ်များမှာ အလျား ၁၇ လက်မခွဲ၊ အနံ ရှစ်လေးပိုင်းသုံးပိုင်းလက်မနှင့် ၃ နှစ်လက်မခွဲရှိသည်ဟု ဆရာကြီးဦးအောင်မြင့်၏မှတ်တမ်း၌ တွေ့ရသည်။

**မြို့ရိုးတူးဖော်မှု**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်ခဲ့သော ကုန်း ၂၀ ကုန်းတွင် ကုန်းအမှတ်(၁၈)နှင့်ကုန်းအမှတ်(၁၉)မှာ ပင်လယ်မြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုးကို တူးဖော်ထားခြင်းဖြစ်သည်။ ကုန်းအမှတ်(၁၈)တူးဖော်မှုသည် ပင်လယ်မြို့ဟောင်း၏ အရှေ့ဘက်ဝင်ပေါက်နေရာဖြစ်သည်။ တူးဖော်မှုအရ မြို့ဝင်ပေါက်အုတ်မြို့ရိုးလက်တံမှာ ပေ ၈၀ ခန့်ရှည်လျားပြီး မြောက်ဘက်လက်တံမှာ သုံးပုံနှစ်ပုံခန့် ပျက်စီးနေသည်။ လက်တံနှစ်ခုကြားအကျယ်အဝန်းမှာ ၁၇ ပေခန့်ရှိသည်။ တောင်ဘက်လက်တံမှာ အပြည့်အစုံတည်ရှိနေသည်ဟု သိရသည်။

တူးဖော်တွေ့ရှိရသော မြေလွှာအထောက်အထားများအရ မြို့ဝင်ပေါက်ကို ပြန်လည်ပြုပြင်ထားသည်ဟု ယူဆရသည်။ မူလတည်ဆောက်စဉ်က မြို့ရိုးလက်တံမှာ ပေ ၄၀ ခန့်သာရှည်ပြီး ပျက်စီး၍ပထမအကြိမ်ပြန်လည်ပြုပြင်သောအခါတွင် လက်တံကို ပေ ၈၀ ကျော်တိုးချဲ့တည်ဆောက်ခဲ့ပုံရသည်။ ထိုသို့ဆိုရခြင်းမှာ မြို့ရိုးလက်တံနှစ်ခုစလုံးတွင် ဆက်ထားသောအရာများတွေ့ရပြီး ဒုတိယအကြိမ်ဆက်ထားရာတွင် အသုံးပြုထားသောအုတ်ချပ်များသည် ပထမအကြိမ်အုတ်များထက် အလျားတစ်လက်မလျော့နည်းလာသည်။ ထို့ပြင် မြောက်ဘက်လက်တံနှင့်ကပ်လျက် မူလဖို့မြေလွှာ၏အောက်တွင် အုတ်ခဲကျိုးများရောနေသော မြေလွှာများကို တွေ့ရသည်။ မြေလွှာများအတွင်း၌ မီးလောင်ကျွမ်းထားသော သစ်သားတိုင်တစ်ခုကို တွေ့ရှိခဲ့သည်။ သို့ဖြစ်သောကြောင့် ပထမအကြိမ်ပျက်စီးစဉ်က မီးလောင်၍ပျက်စီးခဲ့ရသည်ဟုယူဆရပြီး ထိုမြေလွှာကို ပြန်လည်ပြုပြင်ရာတွင် မီးကျွမ်းတိုင်နှင့် အုတ်ခဲကျိုးရောမြေလွှာကို မြေဖို့ပြုပြင်ပြီး ဒုတိယအကြိမ်ပြန်လည်တိုးချဲ့တည်ဆောက်ခဲ့သည်ဟု သုံးသပ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ကြသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၄၅၂ ဧက စိုက်ပျိုးပြီးစီး

**ပုသိမ် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၄၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၃၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၄၄၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က စားဖိုဆောင်သီးနှံ ဘူးစိုက်ခင်းကို တွေ့ရစဉ်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၄၃၈၇ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၄၄၅၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ထက် ၆၅ ဧက ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကိုကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံ ၄၄၅၂ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ ဟင်းနုနယ်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သင်္ဘော၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီး တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပုံးမြို့နယ်တွင် ပြည်ထောင်စုလမ်းမှ ဟွေ့ရေခေါက် - ဆီးဟိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟိုပုံး ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလမ်းမှ ဟွေ့ရေခေါက် - ဆီးဟိုလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မြသင်းဆွေ၊ ဟိုပုံးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခင်ရတနာစုနှင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဟွေ့ရေခေါက် - ဆီးဟိုလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်က လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဟွေ့ရေခေါက် - ဆီးဟိုလမ်းကတ္တရာခင်းခြင်းလုပ်ငန်း အပိုင်း(၁) အရှည် ၇ ဒသမ ၂၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မကို ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၄၈၂ သန်းဖြင့် AA & H Power ကုမ္ပဏီကလည်းကောင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းအပိုင်း(၂)အရှည် ၇ ဒသမ ၂၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မကို ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၄၃ သန်းဖြင့် အောင်စံမြင့်မိုရ်ကုမ္ပဏီကလည်းကောင်း ၂၀၂၃ ခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## အမေ

\- အမေရေ-အမေရဲ့ ရယ်လို့
ချိုပြေပြေ တီတာနွဲ့ငယ်နှင့်
ခေါ်တဲ့သံ အမေ့နားမှာဖြင့်
ကြားလေလျှင် အားအင်ဖြစ်လိုက်ပါဘိ
သားချစ်ရဲ့ ဆည်းလည်းသံ။

\- အနုအလှ မသန်းပါဘူး
သမုဒယပန်းတွေကြောင့်
လူ့ဘဝစခန်း သည်လွင်ပြင်၌
မွေးမိခင် ရုန်းကန်ရပေမဲ့
စိတ်အစဉ် နုံးဟန်မပြအောင်လို့
နားဝမှာ ချိုပြေပြေနဲ့
"အမေရေ"ဆိုတဲ့ တေးရယ်က
အမောပြေ ဖြေတဲ့ဆေးလိုပ
တွေးထင်မိပြန်။

\- ယနေ့များမှာဖြင့်
အမေ့သား ဘယ်ဆီနေလို့
ဘယ်မြေမှာ ခမျာရောက်ပါလိမ့်
ထွန်းပေါက်စွာ အရာဝင်တဲ့
သားရွှေစင် ပြည့်ဝန်ထမ်းလေတော့
အမေ့အိမ် ဝေးကွာလှမ်းပြီပေါ့
လွမ်းပါဘိ သားအသံ
ကြားပြန်မိ စိတ်ဝယ်မှန်း။

\- သြော်. . . အေးအရိပ်
မွေးမိုတ်ကာ တဆိတ်မနားသာတော့
အအိပ်အစား အဆင်ပြေလို့
သားအနေ မာတယ်ဆိုမှ
သားအခြေ သာတယ်ဆိုမှ
အမေကို ပီတိဖုံးပါလို့
ရွှင်ပြုံးကာ ဖြေနိုင်ပါလိမ့်
နှုတ်တစ်ရာ စာတစ်လုံးရယ်မို့
ခြယ်မှုန်းကာ သားလက်ရေးငယ်နှင့်
"အမေရေ. . . "ဆိုတဲ့ တေးကိုဖြင့်
(လူကလေးရေ)
ကြွေးဟစ်လိုက်စမ်း။ ။

**မြင့်မှုမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အနောက်ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ ခရုစ်ဒုံးကျည်များ မြောက်ကိုရီးယားစမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဇန်နဝါရီ ၂၄**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ခရုစ်ဒုံးကျည်များပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ကိုရီးယား ကျွန်းဆွယ်ဒေသ၌ အခြေအနေများ တင်းမာနေချိန်တွင်မြောက်ကိုရီးယားနိုင်ငံက ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ခရုစ်ဒုံးကျည်များကို ယနေ့နံနက်ပိုင်းတွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့သော် မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သည့် ခရုစ်ဒုံးကျည်အရေအတွက်ကို တောင်ကိုရီးယား စစ်ဘက်က ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးယူပိတ်ဆို့မှုများထဲတွင် မြောက်ကိုရီးယားစစ်ဘက်၏ သမားရိုးကျ ခရုစ်ဒုံးကျည်စမ်းသပ်မှုများကို ပိတ်ပင်ထားခြင်းမရှိကြောင်း သိရသည်။

သို့သော် မြောက်ကိုရီးယား၏ ယနေ့ ခရုစ်ဒုံးကျည်စမ်းသပ်မှုသည် တောင်ကိုရီးယားအတွက်ခြိမ်းခြောက်မှုဖြစ်သည်ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ရှင်ဝန်ဆစ်ခ်က ဝေဖန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ရုရှား၏ အီလူးရှင်း-၇၆ အမျိုးအစား စစ်သုံးသယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ယူကရိန်းနယ်စပ်အနီးတွင်ပျက်ကျ



**မော်စကို ဇန်နဝါရီ ၂၄**

ရုရှားလေတပ်မှ အီလူးရှင်း-၇၆ အမျိုးအစားစစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း ယနေ့တွင် ယူကရိန်းနယ်စပ်အနီး၌ ပျက်ကျခဲ့ကြောင်း သိရသည်။

ပျက်ကျခဲ့သည့် အဆိုပါ လေယာဉ်ပေါ်တွင် အကျဉ်းသား ချင်းလဲလှယ်ရေး အစီအစဉ်အရ ရုရှားအကျဉ်းသားများနှင့်လဲလှယ်မည့်ယူကရိန်းအကျဉ်းသား ၆၅ ဦး လိုက်ပါသွားကြောင်း ရုရှား ပြည်တွင်းမီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့် အီလူးရှင်း-၇၆ လေယာဉ်ပေါ်တွင် ယူကရိန်းအကျဉ်းသား၆၅ဦးအပြင် လေယာဉ်ဝန်ထမ်း ခြောက်ဦးနှင့် လုံခြုံရေးဝန်ထမ်း သုံးဦးလည်း လိုက်ပါသွားကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများကပြောကြားခဲ့သည်။

ရုရှားလွှတ်တော်အမတ်တစ်ဦး၏အဆိုအရ ယင်းသယ်ယူပို့ဆောင်ရေးလေယာဉ်မှာ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ခံခဲ့ရသည်။

ယူကရိန်း အကျဉ်းသားများ လိုက်ပါလာသည့် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရာနေရာဖြစ်သည့် ဘယ်လ်ဂိုရော့ဒ်မြို့အရှေ့မြောက်ပိုင်းဒေသသို့ ရုရှားရှာဖွေကယ်ဆယ်ရေးသမားများရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## သဘာဝဓာတ်ငွေ့ရည်တင် ယာဉ်တစ်စီး မွန်ဂိုလီးယား၌ ပေါက်ကွဲမီးလောင်

**အူလန်ဘာတာ ဇန်နဝါရီ ၂၄**

မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ ယနေ့တွင် သဘာဝဓာတ်ငွေ့ရည်တင်ယာဉ်တစ်စီးပေါက်ကွဲခဲ့ရာ မီးသတ်သမား သုံးဦးအပါအဝင် အနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် သဘာဝဓာတ်ငွေ့ရည်တင် ယာဉ်သည် ဓာတ်ငွေ့ရည် တန် ၆၀ ထိ သယ်ဆောင်ထားကြောင်း မွန်ဂိုလီးယားတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အူလန်ဘာတာမြို့ ဒန်ဂျင်းဂါရေ့ဗ်အမည်ရှိ ဈေးတစ်ဈေးအနီး ဖြစ်ပွားခဲ့သည့် သဘာဝဓာတ်ငွေ့ရည်တင်ယာဉ် ပေါက်ကွဲမှုတွင် လူပေါင်း ၁၁ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ရည်တင်ယာဉ်ပေါက်ကွဲမီးလောင်မှုကို မီးသတ်သမား ဦးရေ ၆၀၀ ကျော်နှင့် မီးသတ်ယာဉ် အစီးရေ ၁၀၀ တို့ ဝိုင်းဝန်းထိန်းချုပ်ခဲ့ရကြောင်း မွန်ဂိုလီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သဘာဝ ဓာတ်ငွေ့ရည်တင် ယာဉ်ပေါက်ကွဲမှုကြောင့် လောင်ကျွမ်းခဲ့သည့်မီးသည် အနီးဝန်းကျင်ရှိ အဆောက်အအုံများကိုပါကူးစက်လောင်ကျွမ်းခဲ့သည်။

ထို့ပြင် မော်တော်ယာဉ်အများအပြားလည်း မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## တောင်ကိုရီးယားနှင့်ပြန်လည်ပေါင်းစည်းရေးရည်မှန်းချက်ကို သင်္ကေတပြုထားသည့်မုခ်ဦးကို မြောက်ကိုရီးယားနိုင်ငံက ဖြိုချဖျက်ဆီး

**ဆိုးလ် ဇန်နဝါရီ ၂၄**

တောင်ကိုရီးယားနှင့် ပြန်လည်ပေါင်းစည်းရေး ရည်မှန်းချက်ကို သင်္ကေတပြုထားသည့် မုခ်ဦးတစ်ခုကို မြောက်ကိုရီးယားနိုင်ငံက ဖြိုချဖျက်ဆီးခဲ့ကြောင်း ဇန်နဝါရီ ၂၃ ရက်သတင်းများအရ သိရသည်။

၂၀၀၀ပြည့်နှစ်အတွင်း တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးညီလာခံ ကျင်းပပြီးနောက် အပြီးသတ် တည်ဆောက်ခဲ့သော အဆိုပါမုခ်ဦးသည် ပြုံယမ်းမြို့၌ တည်ရှိသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညွှန်ကြားချက်အရ ပြန်လည် ပေါင်းစည်းရေးမုခ်ဦးအမည်ရှိ ယင်းမုခ်ဦးကို တာဝန်ရှိသူများက ဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း အင်န်ကေအမည်ရှိ မြောက်ကိုရီးယား အစိုးရအတိုက်အခံ သတင်းဌာနက ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တောင်ကိုရီးယားနိုင်ငံကို မြောက်ကိုရီးယား၏အဓိကရန်သူအဖြစ် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေညာထားသည်။

ထို့ပြင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးမှာဖြစ်နိုင်သည့်အခြေအနေ မရှိကြောင်း ကင်ဂျုံအန်က ပြောကြားထားသည်။

ကေအင်န် သတင်းဌာနသည် ပြုံယမ်းမြို့ရှိ ပြန်လည်ပေါင်းစည်းရေးမုခ်ဦးဖျက်ဆီးခံရမှုကို ဂြိုဟ်တုဓာတ်ပုံများအားကိုးကား၍ သတင်းထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တရုတ်(တိုင်ပေ)နှင့်ထားရှိသည့်သံတမန်ဆက်ဆံရေး တူဗာလူနိုင်ငံပြန်လည်သုံးသပ်မည်

**ဆစ်ဒနီ ဇန်နဝါရီ ၂၄**

ဇန်နဝါရီ ၂၆ ရက် ရွေးကောက်ပွဲအလွန်ကာလတွင် တူဗာလူနိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေး ထားရှိမှုကို ပြန်လည် သုံးသပ်ရဖွယ်ရှိကြောင်း တူဗာလူဘဏ္ဍာရေးဝန်ကြီး ဆီဗီပါအန်နီက ယနေ့တွင် ပြောကြားခဲ့သည်။

တူဗာလူနိုင်ငံသည် တရုတ်(တိုင်ပေ)၏ နောက်ဆုံးလက်ကျန် ပစိဖိတ်ကျွန်းနိုင်ငံ သုံးနိုင်ငံထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။

တရုတ်(တိုင်ပေ)နှင့် တူဗာလူကြား သံတမန်ဆက်ဆံရေးထားရှိမှုကို ရွေးကောက်ပွဲအလွန်ကာလ လွှတ်တော်သစ် ဆွေးနွေးပွဲများ၌ ထည့်သွင်းဆွေးနွေးရန် လိုအပ်ကြောင်း တူဗာလူဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

တူဗာလူဝန်ကြီးချုပ်၏ အဆိုပါ စကားများသည် ၁၉၇၉ခုနှစ်မှစ၍ တရုတ်(တိုင်ပေ)ကို သံတမန်ရေးအရ အသိအမှတ်ပြုထားမှုအား တူဗာလူနိုင်ငံက ပယ်ဖျက်နိုင်သည့် သဘောကို ပြသလျက်ရှိသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ပစိဖိတ်ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် နော်ရူးနိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် တရားဝင်သံတမန်အဆက်အဆံထားရှိမှုကို ဖြတ်တောက်ခဲ့သည်။

နော်ရူးနိုင်ငံက တရားဝင်သံတမန်အဆက်အဆံဖြတ်တောက်ခဲ့ပြီးနောက် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အဆံရှိသောနိုင်ငံများမှာ ၁၂ နိုင်ငံသာကျန်ရှိတော့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အာကာသယာဉ်မှူးများက တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်အတွင်းသို့ ဝင်ရောက်၍ ပါရှိသည့်ကုန်ပစ္စည်းများကို စစ်ဆေးခဲ့ကြ



**ပေကျင်း ဇန်နဝါရီ ၂၄**

တီယန်ကောင်းအာကာသစခန်းယာဉ်ပေါ်ရှိ တရုတ်အာကာသယာဉ်မှူးများသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်အတွင်းသို့ ဝင်ရောက်၍ ပါရှိသည့်ကုန်ပစ္စည်းများကို စစ်ဆေးခဲ့ကြကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများသည် ဇန်နဝါရီ ၂၃ ရက်တွင် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်အတွင်းသို့ လေလုံတံခါးဖွင့်၍ ဝင်ရောက်ခဲ့ကြကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ပြီး သုံးနာရီခန့်အကြာတွင် တီယန်ကောင်းအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့သည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်သည် စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၅၆၀၀ ရှိသည့် အထောက်အပံ့ပစ္စည်းများကို အထုပ်ပေါင်း ၂၅၀ ခန့်ဖြင့် သယ်ဆောင်ထားကြောင်း သိရသည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းသို့ ရောက်ရှိခဲ့သည့် ဆဌမမြောက် အာကာသကုန်တင်ယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## တရုတ်နိုင်ငံက ထူးဆန်းသည့် စကြဝဠာဒြပ်စင်တစ်မျိုးကိုလေ့လာရေးအတွက် ကမ္ဘာ့အကြီးဆုံးနှင့် အနက်ရှိုင်းဆုံးမြေအောက်သုတေသနစခန်း ဖွင့်လှစ်

**ပေကျင်း ဇန်နဝါရီ ၂၄**

မဟူရာဒြပ်စင် ခေါ် ထူးဆန်းသည့် စကြဝဠာဒြပ်စင်တစ်မျိုးကို လေ့လာရေးအတွက် တရုတ်နိုင်ငံက ကမ္ဘာ့အကြီးဆုံးနှင့် အနက်ရှိုင်းဆုံး မြေအောက်သုတေသနစခန်း ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

CJPL-II အမည်ရှိ အဆိုပါ မဟူရာဒြပ်စင်လေ့လာရေးသုတေသနစခန်းသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ တည်ရှိသည်။

၎င်းမဟူရာဒြပ်စင်လေ့လာရေးသုတေသနစခန်းသည် မြေအောက်အနက် ၇၈၇၄ ပေ အကွာတွင် တည်ရှိပြီး အကျယ်အဝန်း စတုရန်းပေ ၁၁ ဒသမ ၆ သန်းထိရှိကြောင်း သိရသည်။



CJPL-II မဟူရာဒြပ်စင်သုတေသနစခန်းသည် အီတလီနိုင်ငံ ဂရန်းဆက်ဆို အမျိုးသားဓာတ်ခွဲခန်းထက် ပိုကြီးမားသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စကြဝဠာ၏ ၈၅ ရာခိုင်နှုန်းကို မဟူရာဒြပ်စင်ဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသော်လည်း ၎င်းဒြပ်စင်များကို လက်ဆုပ်လက်ကိုင်ပြနိုင်မှုမရှိသေးကြောင်း သိရသည်။

မြေအောက်အနက်ပေ ၇၈၀၀ ကျော်တွင်ရှိသော CJPL-II သုတေသနစခန်းကို ထူထဲသောတောင်ကုန်းနယ်မြေက စကြဝဠာဖြာထွက်ရောင်ခြည်များမှ ကာကွယ်ပေးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဇန်နဝါရီ ၂၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မကိုယ်ထည်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း ရပ်ထားသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၃ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၅၂၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပရိုတင်းတစ်မျိုးကို သွေးစစ်နည်းဖြင့်စစ်ဆေးမှုက အယ်ဇိုင်းမားရောဂါကို တိကျစွာဖော်ထုတ်ပေးနိုင်

**တောဟမ်း ဇန်နဝါရီ ၂၄**

Phosphorylated Tau ခေါ် ပရိုတင်းတစ်မျိုးကို သွေးစစ်နည်းဖြင့်စစ်ဆေးမှုသည် အယ်ဇိုင်းမားရောဂါကို တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

P-Tau 217 အမည်ရှိ ပရိုတင်းကို သွေးစစ်နည်းဖြင့် လေ့လာစစ်ဆေးမှုသည် ရောဂါလက္ခဏာများမပေါ်မီမှာပင် အယ်ဇိုင်းမားရောဂါကို တိကျစွာထောက်လှမ်းဖော်ထုတ်ပေးနိုင်ကြောင်း ဆွီဒင်နိုင်ငံ ဂိုသမ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ALZ path P Tau 217assay အမည်ရှိ အထက်ပါသွေးစစ်နည်းကို ဆွီဒင်အခြေစိုက် ALZ path ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါသွေးစစ်နည်းကို မကြာမီကာလအတွင်း လူသားများဖြင့် လက်တွေ့စမ်းသပ်နိုင်ရန် ဆွီဒင် သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အယ်ဇိုင်းမားရောဂါကို ရှာဖွေရာတွင် ဦးနှောက်အတွင်း ဘီတာအမိလွိုက်နှင့် Tau ပရိုတင်းများစုစည်းမှုအဆင့်ကို တိုင်းတာခြင်းဖြင့် ဖော်ထုတ်လျက်ရှိသည်။

အထက်ပါ ပရိုတင်းနှစ်မျိုးစုစည်းမှုအဆင့်ကို တိုင်းတာရေးအတွက် ငွေကုန်ကြေးကျများသည့်နည်းလမ်းများကို အသုံးပြုကြရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သွေးအတွင်းသကြားဓာတ်လွန်ကဲမှု ကုသခြင်းမရှိပါက အရိုးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

**လန်ဒန် ဇန်နဝါရီ ၂၄**

သွေးအတွင်း သကြားဓာတ်လွန်ကဲမှုကို ဆေးဝါးကုသထိန်းချုပ်ခြင်းမရှိပါက Frozen Shoulder ခေါ် ပခုံးအရိုးဆစ်ရောင်ရမ်းကိုက်ခဲမှုကဲ့သို့ အရိုးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ဆီးချိုရောဂါသည်များ ရင်ဆိုင်ရတတ်သည့် သွေးအတွင်း သကြားဓာတ်ပါဝင်မှု လွန်ကဲခြင်းသည် ခြေထောက်ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေကြောင်း သိရှိခဲ့ကြပြီးဖြစ်သည်။


ထို့ပြင် ဗြိတိန်နိုင်ငံ အက်ဆက်တာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သွေးအတွင်း သကြားဓာတ်ပါဝင်မှု လွန်ကဲခြင်းသည် ကြွက်သားကျန်းမာရေးပြဿနာ၊ အရိုးကျန်းမာရေးပြဿနာများနှင့်လည်း ဆက်စပ်မှုရှိကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူဦးရေ ၃၇၀၀၀၀ တို့၏ ကျန်းမာရေးမှတ်တမ်း အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်း သကြားဓာတ် ပုံမှန်ထက်လွန်ကဲသူများတွင် ပခုံးအရိုးဆစ်ရောင်ရမ်းကိုက်ခဲမှုပြဿနာအပါအဝင် Carpal Tunnel Syndrome ကဲ့သို့ လက်အရိုးအဆစ် ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားကြောင်း သိရသည်။

သွေးအတွင်း သကြားဓာတ်ပါဝင်မှုလွန်ကဲသူများတွင် AGES ခေါ် ဓာတုဒြပ်ပေါင်းများပေါ်ထွက်မှု မြင့်တက်လာခြင်းကြောင့် အရိုးကျန်းမာရေးပြဿနာများ ပေါ်လာရခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အာရှဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်သို့ ပါလက်စတိုင်းအသင်း ပထမဆုံးအကြိမ်တက်ရောက်



**ဒိုဟာ ဇန်နဝါရီ ၂၄**

အာရှဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဟောင်ကောင်အသင်းကို သုံးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့် ပါလက်စတိုင်းအသင်းသည် သမိုင်းတစ်လျှောက် အာရှဖလား ၁၆ သင်းရှုံးထွက်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အီရန်အသင်းကို လေးဂိုးတစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် ယူအေအီးအသင်းကို တစ်ဂိုးစီသရေ၊ ဟောင်ကောင်အသင်းကို သုံးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် အုပ်စုပွဲစဉ် သုံးပွဲအပြီးတွင် ရမှတ် လေးမှတ်ရရှိခဲ့ပြီး အကောင်းဆုံး အုပ်စုတတိယဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း အသင်းသည် ဟောင်ကောင်အသင်းနှင့် ပွဲစဉ်တွင် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၂ မိနစ်နှင့် ပွဲချိန် မိနစ် ၆၀ တို့တွင် တိုက်စစ်မှူးဒါဘက်ချ်၊ ပွဲချိန် ၄၈ မိနစ်တွင် တိုက်စစ်မှူးကွမ်ဘာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီးအခြားတစ်ဖက်တွင် အီရန်အသင်းက ယူအေအီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ရမှတ်လေးမှတ်စီဖြင့် အုပ်စုတတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အကောင်းဆုံးအုပ်စုတတိယနေရာဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာရှဖလားပြိုင်ပွဲတွင် အကောင်းဆုံးအုပ်စုတတိယရရှိမည့် အသင်းလေးသင်းအနေဖြင့်နောက်တစ်ဆင့်တက်ရောက်ခွင့် ရရှိမည်ဖြစ်ရာ အုပ်စုပွဲစဉ်များအပြီးတွင် ဆီးရီးယားအသင်းနှင့် ပါလက်စတိုင်းအသင်းတို့ ၁၆ သင်းရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ပြီး ပါလက်စတိုင်းအသင်းက အာရှဖလားသမိုင်းတွင် ပထမဆုံးအကြိမ် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# နော်တင်ဟမ်အသင်းက အေဂျက်အသင်းတောင်ပံကစားသမား ဘော်ဂတ်စ်ကို ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၂၄**

နော်တင်ဟမ် အသင်းသည် အေဂျက်အသင်းနှင့် ပွဲကစားခွင့်လျော့နည်းနေသည့် တောင်ပံကစားသမား ဘော်ဂတ်စ်ကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိရန် သေချာနေကြောင်း သိရသည်။

တောင်ပံကစားသမား ဘော်ဂတ်စ်သည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက မန်စီးတီးယူ-၂၁ အသင်းတွင်ကစားခဲ့ရာ အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲတွင် သွင်းဂိုး ၂၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီးဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ပြီးခဲ့သည့်နွေရာသီက ယူရို ၁၉ သန်းဖြင့် အေဂျက်အသင်းသို့ ရောက်ရှိခဲ့သည်။

၎င်းသည် အေဂျက်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရပြီး အမှတ်ပေးပွဲ ၁၆ ပွဲတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသဖြင့် နော်တင်ဟမ်အသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။

လက်ရှိတွင် နော်တင်ဟမ်အသင်းနည်းပြ ပေါ်တူဂီလူမျိုးဆန်းတို့စ်က တောင်ပံကစားသမားဘော်ဂတ်စ်၏ ကစားပုံကို သဘောကျနှစ်သက်လျက်ရှိကာ ၎င်းသည် အနာဂတ်တွင် ထွန်းတောက်လာနိုင်သည့် လူငယ်ကစားသမား တစ်ဦးဖြစ်၍ အသင်း၏ တိုက်စစ်ပိုင်းအတွက် အသုံးပြုရန်စီစဉ်ခဲ့ပြီး ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

နော်တင်ဟမ် အသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် ဒေါ့မွန်အသင်း ကစားသမားရှိုင်နာကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အေဂျက်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဘော်ဂတ်စ်ကို ထပ်မံခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**



# ဆွီဒင်ကလပ် အယ်ဘော့အသင်းဂိုးသမား ဗယ်ဒီမာဆင်ကို ယူရိုသုံးသန်းဖြင့် ဘရန့်ဖို့ဒ်အသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၄**

ဘရန့်ဖို့ဒ်အသင်းက ဆွီဒင်ကလပ် အယ်ဘော့အသင်းမှ ဂိုးသမားဗယ်ဒီမာဆင်ကို ပြောင်းရွှေ့ကြေး ယူရိုသုံးသန်းဖြင့်ခေါ်ယူခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ ရောက်ရှိနေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဗယ်ဒီမာဆင်သည် အယ်ဘော့အသင်းတွင် လက်စွမ်းပြ ကစားနိုင်ခဲ့ပြီးနောက် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သဖြင့် ဘရန့်ဖို့ဒ်အသင်းက ပေးဂိုးများနေသည့် ဂိုးသမား ဖလက်ကန်၏နေရာတွင် အစားထိုးရန်အတွက် ပြောင်းရွှေ့ကြေးယူရိုသုံးသန်းဖြင့်ခေါ်ယူခဲ့ပြီး ဆေးစစ်မှုအောင်မြင်ပါကတရားဝင်ကြေညာမည်ဖြစ်သည်။

လက်ရှိတွင် ဘရန့်ဖို့ဒ်အသင်းသည် တူကီယဲကလပ် ဆီဗက်စပေါ်အသင်းမှ ကွင်းလယ်ကစားသမား ကိုနက်နှင့် စပါးအသင်းမှ ခံစစ်ကစားသမား ရီဂွိလွန်တို့ကိုခေါ်ယူနိုင်ခဲ့ပြီးနောက် ဂိုးသမားဗယ်ဒီမာဆင်ကို ခေါ်ယူနိုင်ခဲ့သဖြင့် ယခုအပြောင်းအရွှေ့ကာလတွင် တတိယမြောက် ကစားသမားခေါ်ယူမှု ပြုလုပ်နိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့် နော်တင်ဟမ်အသင်းနှင့်ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ရှစ်လပွဲပယ် ကျခံထားရသည့် တိုက်စစ်မှူးတိုနေး ပါဝင်လာပြီးနောက် သုံးဂိုးနှစ်ဂိုးဖြင့်နိုင်ပွဲစတင်ရရှိခဲ့သော်လည်း ခံစစ်ပိုင်းပေးဂိုးများနေမှုကြောင့် အမှတ်ပေးပွဲ ၂၀ တွင် ရမှတ် ၂၂ မှတ်သာရရှိခဲ့ပြီး အဆင့်(၁၄)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# မိုလီနာရီအား ဥရောပဂေါက်သီးရိုက်အသင်း၏ ဒုတိယအသင်းခေါင်းဆောင်အဖြစ် ဆက်လက်ခန့်အပ်ကြောင်း လုခ်ဒေါ်နယ် ထုတ်ပြန်ကြေညာ

**ရောမ ဇန်နဝါရီ ၂၄**

၂၀၂၃ ခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဥရောပအသင်းချန်ပီယံဆုဖလားကိုဆွတ်ခူးခဲ့ရာတွင် အသင်းခေါင်းဆောင်ဖြစ်သူ အင်္ဂလန်နိုင်ငံသားလုခ်ဒေါ်နယ်ကို ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ခန့်အပ်ခဲ့ပြီးနောက် လုခ်ဒေါ်နယ်က ဒုတိယအသင်းခေါင်းဆောင်များကို ၎င်းစိတ်ကြိုက်ခန့်အပ်ခွင့်ရခဲ့သည်။

လုခ်ဒေါ်နယ်ကဒုတိယအသင်းခေါင်းဆောင်အဖြစ် အီတလီနိုင်ငံသား မိုလီနာရီကို ခန့်အပ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၃ ခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုဖလားကို ဆွတ်ခူးခဲ့ရာတွင် မိုလီနာရီသည် ဒုတိယအသင်းခေါင်းဆောင်အဖြစ်တာဝန်ယူပေးခဲ့သူဖြစ်ပြီး လုခ်ဒေါ်နယ်နှင့်အတူ ဥရောပအသင်းကို ဆက်လက်ဦးဆောင်ခွင့် ရသွားတော့မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်က ဥရောပအသင်းအောင်မြင်မှုရရှိခဲ့ရာတွင် လုခ်ဒေါ်နယ်၏ နည်းဗျူဟာအပြောင်းအလဲအတွက် အဓိကအကြံပေးမှုများပြုလုပ်ခဲ့သူမှာ မိုလီနာရီဖြစ်ပြီး ဥရောပအသင်းနှင့်အတူအမေရိကမြေတွင် အောင်မြင်မှုများဆက်လက်ဆွတ်ခူးနိုင်ရေးအတွက် လုပ်ခ်ဒေါ်နယ်က အသင်းခေါင်းဆောင်အဖွဲ့ကို ပြင်ဆင်စုဖွဲ့မှုများစတင်ပြုလုပ်သွားတော့မည်ဖြစ်သည်။



မိုလီနာရီက “Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မယ့်ဥရောပအသင်းကို ဒုတိယခေါင်းဆောင်အနေနဲ့ နောက်ထပ်ပါဝင်ခွင့်ရတော့မှာကို ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာကောင်းတဲ့ အလုပ်လဲဖြစ်ပါတယ်။ မနှစ်တုန်းကဥရောပအသင်းနဲ့အတူ အောင်ပွဲခံခွင့်ရခဲ့တဲ့ အတွေ့အကြုံကို အခုထိမမေ့သေးပါဘူး။ ဥရောပအသင်းနဲ့အတူ နောက်ထပ်အောင်ပွဲခံခွင့် ရချင်ပါသေးတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## အားကစားသတင်း အတိုအထွာများ

- ဂါနာအသင်းက အာဖရိကဖလားပြိုင်ပွဲမှ ရမှတ်နှစ်မှတ်သာ ရရှိခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် နည်းပြဟောက်တန်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက မန်စီးတီးကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး စာချုပ်တွင်အပြီးသတ်ခေါ်ယူခွင့်လည်းပါရှိခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းအနေဖြင့် ဝင်ငွေထွက်ငွေစည်းမျဉ်းချိုးဖောက်ထားသည်မှာသေချာနေသဖြင့် ဥရောပယှဉ်ပြိုင်ခွင့် နှစ်နှစ်ပိတ်ပင်ခံရနိုင်ဖွယ်ရှိကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌစီဖာရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# အားကစားလောကသမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် အမေရိကန်ဘတ်စကက်ဘောကစားသမား မိုက်ကယ်ဂျော်ဒန် ထိပ်ဆုံးမှဦးဆောင်

**နယူးယောက် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် အားကစားသတင်းအချက်အလက်ဆိုင်ရာ ကုမ္ပဏီဖြစ်သည့် Sportico ကုမ္ပဏီက အားကစားလောက သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းကိုစစ်တမ်းများကောက်ယူခဲ့ပြီး ဝင်ငွေအမြင့်ဆုံး အားကစားသမားများစာရင်းကို ထုတ်ပြန်ခဲ့ရာ၌ အမေရိကန်ဘတ်စကက်ဘော ကစားသမား မိုက်ကယ်ဂျော်ဒန်က အဆင့်(၁)နေရာတွင် ရပ်တည်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မိုက်ကယ်ဂျော်ဒန်၏နောက် ဒုတိယနေရာတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်ကရပ်တည်နေပြီး အမေရိကန်ဂန္ထဝင် ဂေါက်သီးရိုက်ကစားသမားဟောင်းများဖြစ်ကြသည့် အာနိုးပယ်မာနှင့် ဂျက်နစ်ကလောက်တို့က တတိယနေရာနှင့် စတုတ္ထနေရာတို့တွင် အသီးသီးရပ်တည်နိုင်ခဲ့သည်။

အဆိုပါ ဝင်ငွေအကောင်းဆုံးအားကစားသမားစာရင်း၏ အဆင့်(၁၀)အတွင်း၌ ဘောလုံးလောကမှ နှစ်ဦးပါဝင်ခဲ့ပြီး ပေါ်တူဂီကစားသမားစီရော်နယ်ဒိုနှင့် အာဂျင်တီးနားကစားသမား မက်ဆီတို့ဖြစ်ကြသည်။



စစ်တမ်းများအရ မိုက်ကယ်ဂျော်ဒန်သည် ဘတ်စကက်ဘောကစားသမားဘဝ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံဖြင့် အဆင့်(၁)၊ တိုက်ဂါးဝုဒ်က ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖြင့် အဆင့်(၂)၊ အာနိုးပယ်လ်မာသည် ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဖြင့် အဆင့်(၃)၊ ဂျက်နစ်ကလောက်က ဝင်ငွေစုစုပေါင်း ၁ ဒသမ ၆၃ ဘီလီယံဖြင့် အဆင့်(၄)၊ ပေါ်တူဂီဘောလုံးကစားသမား စီရော်နယ်ဒိုက အဆင့်(၅)၊ အမေရိကန်ဘတ်စကက်ဘောသမား လီဘရွန်ဂျိမ်းက အဆင့်(၆)၊ အာဂျင်တီးနားဘောလုံးကစားသမား မက်ဆီက အဆင့်(၇)၊ အမေရိကန်လက်ဝှေ့သမား မေဝယ်သာက အဆင့်(၈)၊ ဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရာက အဆင့်(၉)၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား မစ်ကီဆန်က အဆင့်(၁၀)နေရာတို့တွင်အသီးသီးရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ မျက်ဒဗျက် တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၄**

ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ပိုလန်တင်းနစ်ကစားသမားဟာကက်ဇ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၇-၆ ၊ ၂-၆ ၊ ၆-၃ ၊ ၅-၇ ၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရည်ညီသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက်ကြောင့် အကြိတ်အနယ်ရှိခဲ့ပြီး မျက်ဒဗျက်အနေဖြင့် လေးနှစ်အတွင်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ကို သုံးကြိမ်ထိ တက်ရောက် နိုင်ခဲ့သည့်အပြင် နောက်ဆုံးလေးနှစ်အတွင်း သုံးကြိမ်ထိ ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဟာကက်ဇ်သည် လက်ရှိအမျိုးသားတင်းနစ်လောကတွင် စပေးဘောအကောင်းဆုံးသော တင်းနစ်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး မျက်ဒဗျက်အနေဖြင့် ဟာကက်ဇ်၏ စပေးဘောများကို ခက်ခက်ခဲခဲထိန်းသိမ်းခဲ့ရသည်။

မျက်ဒဗျက်က "ကျွန်တော် အရမ်းပင်ပန်းသွားပြီ။ ကြံ့ခိုင်မှုပိုင်းက သိသိသာသာအားနည်းလာတယ်လို့ခံစားရတယ်။ ဟာကက်ဇ်နဲ့ ပွဲစဉ်မှာခက်ခဲမယ်ဆိုတာ ကြိုသိထားပေမဲ့လဲ အခုလောက်ထိခက်ခဲမယ်လို့ မျှော်လင့်မထားဘူး။ အကောင်းဆုံးဖြစ်အောင် ကြိုးစားကစားခဲ့တယ်။ ကျွန်တော့်ရဲ့ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒီပွဲစဉ်ဟာ ကျွန်တော်အကြိုက်ဆုံးပွဲစဉ်တွေထဲမှာပါပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက်ပွဲအများဆုံးကစားသမားအဖြစ် ဂျိမ်းမီနာ မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂၄**

ဘရိုက်တန်အသင်းဝါရင့်ကွင်းလယ်ကစားသမား ဂျိမ်းမီနာသည် ပရီးမီးယားလိဂ်ပွဲစဉ်(၂၁) အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် ဝုဒ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် မန်ယူအသင်း ကစားသမားဟောင်း ရိုင်ယန်ဂစ်ကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက် ပွဲအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ ဂျိမ်းမီနာသည် ဘရိုက်တန်အသင်းနှင့် ဝုဒ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ကာ ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၆၃၃ ပွဲထိရှိလာခဲ့ပြီးနောက် ရိုင်ယန်ဂစ်၏ ၆၃၂ ပွဲစံချိန်ကို တစ်ပွဲအသာဖြင့်ကျော်ဖြတ်ပြီး ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။



ဂျိမ်းမီနာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို လိဒ်အသင်းနှင့်စတင်ခဲ့ကာ ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် လိဒ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် စတင်ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ လိဒ်အသင်း၊ နယူးကာဆယ်အသင်း၊ အေဗီလာအသင်း၊ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့တွင် အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက လီဗာပူးအသင်းမှ ဘရိုက်တန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ပွဲအများဆုံးကစားထားသည့်ကစားသမား ငါးဦးစာရင်းတွင် အေဗီလာအသင်းနှင့် မန်စီးတီးအသင်း ကစားသမားဟောင်း ဂါရက်ဘယ်ရီက ၆၅၃ ပွဲဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျိမ်းမီနာက ၆၃၃ ပွဲဖြင့် ဒုတိယ၊ မန်ယူအသင်းကစားသမားဟောင်း ရိုင်ယန်ဂစ်က ၆၃၂ ပွဲဖြင့် တတိယ၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်က ၆၀၉ ပွဲဖြင့် စတုတ္ထနှင့် လိဒ်အသင်းဂိုးသမားဟောင်း ဒေးဗစ်ဂျိမ်းက ၅၇၂ ပွဲဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# အေတီကိုအသင်းက ဗာမီရန်းကို ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိ

**မက်ဒရစ် ဇန်နဝါရီ ၂၄**

အေတီကိုအသင်းက ယခုနှစ်ဘောလုံးရာသီတွင် ဘယ်လ်ဂျီယံကလပ် အန့်ဝပ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်ကွင်းလယ်ကစားသမားဗာမီရန်းကို ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်သာရှိသေးသည့် ဗာမီရန်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အန့်ဝပ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ဘယ်လ်ဂျီယံလိဂ်ပြိုင်ပွဲတွင် ၂၁ ပွဲထိပါဝင်ကစားခွင့်ရရှိထားပြီး ခြေစွမ်း ပြသလျက်ရှိနေသည့်အတွက် ဥရောပထိပ်တန်းအသင်းကြီးများက ပစ်မှတ်ထားနေချိန်တွင် အေတီကိုအသင်းက လက်ဦးမှုရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗာမီရန်းကို အစောပိုင်းက ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေခဲ့သော်လည်း အေတီကိုအသင်းက ပြီးခဲ့သည့်ရက်ပိုင်းက တရားဝင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ပြီးနောက် ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းက ဗာမီရန်းကိုခေါ်ယူရန် ပထမတစ်ကြိမ်က ယူရို ၁၅ သန်းဖြင့်ကမ်းလှမ်းခဲ့ရာ ပယ်ချခံခဲ့ရသော်လည်း ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းအပြင် ခြေစွမ်းပြသနိုင်မှုအပေါ်တွင်မူတည်ပြီး အပိုဆုကြေး ယူရို ၁၀သန်း စုစုပေါင်း ယူရို ၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာမှ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**



# ဘိုင်ယန်မြူးနစ်အသင်းက ကင်မစ်ချ်ကို နွေရာသီအပြောင်းအရွှေ့ကာလမှသာရောင်းချသွားမည်

**ဘာလင် ဇန်နဝါရီ ၂၄**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းမှ ကွင်းလယ်ကစားသမား ကင်မစ်ချ်ကို လက်ရှိဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ဘဲ လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလမှသာ ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

အသက်၂၈ နှစ်ရှိ ကင်မစ်ချ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က စတုဂတ်အသင်းနှင့်အတူ စတင်ခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ လိုက်ပ်ဇစ်အသင်းထံ အငှားစာချုပ်ဖြင့်ကစားခဲ့ရသည်။

ကင်မစ်ချ်သည် လိုက်ပ်ဇစ်အသင်းထံ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လက ဘိုင်ယန်မြူးနစ်အသင်းထံ အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ကမ္ဘာ့ထိပ်တန်း ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိဘိုင်ယန်မြူးနစ်အသင်းနှင့် ကင်မစ်ချ်တို့စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၅ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေသော်လည်း ကင်မစ်ချ်ကိုယ်တိုင်က အသင်းမှ ထွက်ခွာရန်သာ ဆုံးဖြတ်ထားသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရနိုင်သည့်အခြေအနေများကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိပါက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် ရောင်းချသွားမည်ဖြစ်သည်။

လက်ရှိတွင် ကင်မစ်ချ်ကို ဘာစီလိုနာအသင်း၊ လီဗာပူးအသင်း၊ မန်ယူအသင်း၊ မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းစသည့် ဥရောပထိပ်တန်းအသင်းကြီးများက စောင့်ကြည့်လျက်ရှိနေသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ကျေးဇူးရှင် မေမေ

မောင်သောင်းဝင်း(တမန်ဟောင်း)




မြန်မာနိုင်ငံတွင် နှစ်စဉ် ပြာသိုလပြည့်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်ထားသည်။ ထိုနေ့ ရောက်ရှိလျှင် အမေများ၏အနန္တမေတ္တာနှင့် ကျေးဇူးတရားတို့ကို ဂုဏ်ပြုသည့်အခမ်းအနားများ နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ အမေများနေ့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ကျင်းပနေသည်ဖြစ်စေ ကျေးဇူးရှင်မွေးမေမေများကို အောက်မေ့သတိရခြင်းသည်ပင်လျှင် မင်္ဂလာတစ်ပါးဖြစ်ပေသည်။ တတ်နိုင်ပါက အမေများနေ့ကို နေ့စဉ်နေ့တိုင်းပင် ကျင်းပသွားသင့်ပေသည်။

**ကြည်နူးဖွယ်**

အထူးသဖြင့် အမေများနေ့အထိမ်းအမှတ်အခမ်းအနားကို ပြာသိုလပြည့်နေ့တွင် မန္တလေးမြို့၌ တခမ်းတနားကျင်းပလေ့ရှိသည်။ အမေများနေ့ကိုဂုဏ်ပြုသည့်စာပေဟောပြောပွဲများ ပြုလုပ်ကြသည်။ အမေများအတွက် ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ လူငယ်များသည် ဘိုးဘွားရိပ်သာများသို့ သွားရောက်ကာ အမေများကို လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း စသည့်ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ ရေခြား၊ မြေခြားတွင် ရောက်နေသော သား၊ သမီးများသည် အမေများထံ ဖုန်းဆက်ကြသည်။ အမေများ၏ကျန်းမာရေးအတွက် ဆုတောင်းစာလွှာများပို့ကြသည်။ အမေများကလည်း သား၊ သမီးများကို မေတ္တာပို့ကြသည်။ ကြည်နူးဖွယ်ရာပင်ဖြစ်သည်။

**တတ်သိလိမ္မာစေချင်**

စာရေးသူတို့သည် အနန္တကျေးဇူးရှင် မွေးမေမေ၏ မေတ္တာတရားကြောင့် ရခဲလှသောလူ့ဘဝကို ရရှိခဲ့ခြင်းဖြစ်သည်။ ဤကမ္ဘာကြီးတွင် မိဘကျေးဇူးနှင့်ကင်းသူရှိမည်မဟုတ်ချေ။ အထူးသဖြင့် မွေးမေမေများ၏ ကျေးဇူးသည် အနန္တပင်ဖြစ်သည်။ မိဘများ၏ကျေးဇူးတရားကို စာတစ်စောင်၊ ပေတစ်ဖွဲ့ရေးသားနေရုံမျှဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ အကြောင်းမှုကား မိဘ၏မေတ္တာကို တိုင်းတာနိုင်စွမ်းမရှိသောကြောင့်ဖြစ်သည်။ မိဘများသည် သား၊ သမီးတိုင်းကို တတ်သိလိမ္မာစေချင်ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ သား၊ သမီးများ တိုးတက်ကြီးပွားနေလျှင် ပီတိဖြာနေကြသည်မှာ ကျေးဇူးရှင်မိဘများပင်ဖြစ်ကြသည်။ အထူးသဖြင့် အမေများသည် သား၊ သမီးများကို အရိပ်တကြည့်ကြည့်ဖြင့် ချစ်မဝဖြစ်နေလေ့ရှိကြသည်။ သား၊ သမီးမျက်နှာညှိုးလျှင် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကြသူများသည် မိခင်များသာဖြစ်သည်။ ထိုအထဲတွင် စာရေးသူ၏အမေလည်းပါဝင်သည်။

**နို့ဖိုးပင်မကျေ**

လူတိုင်းတွင် ကျေးဇူးရှင်အမေများရှိကြသည်။ မိဘများသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်သည့်အပြင် လက်ဦးဆရာများလည်းဖြစ်ကြသည်။ အထူးသဖြင့် အမေများသည် ရင်သွေးငယ်များနှင့် ထိတွေ့မှုအများဆုံးရှိကြသည်။ အမေများ၏အလှပဆုံးအချိန်သည် သား၊ သမီးများကို နို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့်နေချိန်ပင်ဖြစ်သည်။ ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးနေသောမိခင်တစ်ဦး၏မေတ္တာသည် မည်သည့်အရာနှင့်မျှနှိုင်းယှဉ်၍ မရနိုင်ပေ။ မိခင်၏ မေတ္တာကြီးမားမှုကြောင့် အနီရောင်သွေးစစ်စစ်မှသည် အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ကြည်အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ များစွာအံ့ဩဖွယ်ကောင်းလှပါသည်။ ထို့ကြောင့် ပုထုဇဉ်လူသားများသည် အမေ့နို့ဖိုးကျေအောင် ပေးဆပ်နိုင်စွမ်းမရှိကြချေ။

အမေများ၏မေတ္တာသည် နူးညံ့သိမ်မွေ့လွန်းလှသည်။ သား၊ သမီးများကို အော်ဟစ်ကြိမ်းမောင်းရိုက်နှက်လေ့မရှိကြချေ။ ပျော့ပျောင်းချိုသာစွာပြောဆိုပြီး ဆုံးမလေ့ရှိကြသည်။ အချို့သော သား၊ သမီးများသည် မွေးမေမေတ္တာကို အခွင့်ကောင်းယူကာ နွဲ့ဆိုးဆိုးလေ့ရှိကြသည်။ မိဘမေတ္တာစော်ကားသူများသည် ဘဝနိဂုံးမလှမပဖြစ်ကြရသည်။ မျက်မှောက်ခေတ်တွင် မိဘမေတ္တာကို လျစ်လျူရှုလာသည့် သား၊ သမီးများစွာကို ပိုမိုကြုံတွေ့လာရသည်။ စာရေးသူ၏ မိခင်ကြီးသည် သား၊ သမီးများကို ရိုက်နှက်ဆုံးမလေ့မရှိချေ။ မည်သို့ပင်ဆိုစေကာမူ သား၊ သမီးအားလုံးသည် မိဘများ၏စကားကိုနားထောင်ပြီး ယဉ်ကျေးသိမ်မွေ့ကြသည်။

**ကျွေးမွေးစောင့်ရှောက်**

စာရေးသူ၏မိခင်ကြီးသည် သား၊ သမီး ကိုးဦးထိမွေးထားသော်လည်း အားလုံးကို ကျန်းမာကြံ့ခိုင်အောင် နို့ချိုတိုက်ကျွေးပြီး လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်နိုင်ခဲ့သည်။ ဆင်းရဲသားတောင်သူလယ်သမားဖြစ်သဖြင့် နေ့စဉ် တောင်ယာထဲသို့မသွားမီ ကလေးကို နို့ချိုဝအောင်တိုက်ကျွေးခဲ့ရသည်။ ကျေးလက်တောရွာများတွင် နို့ဘူးတိုက်ကျွေးသည့်အလေ့အထမရှိသည့်အပြင် ငွေကြေးပါမတတ်နိုင်သဖြင့် မိခင်များသည် ကလေးများကို လယ်တောမှပြန်ရောက်မှသာ နို့ချိုတိုက်ကျွေးကြရသည်။ ကျေးဇူးရှင်မိခင်ကြီးသည် တောင်ယာအလုပ်အကိုင်အပြင် ဟင်းဖိုးရရှိအောင်လည်း ပုန်းရည်ကို ကျိုချက်ရောင်းချရသေးသည်။ မည်မျှပင် ပင်ပန်းနွမ်းနယ်နေစေကာမူ တစ်ချက်ကလေးမျှ မျက်နှာညှိုးနွမ်းခဲ့ခြင်းမရှိချေ။ သား၊ သမီးများ၏လိုအပ်ချက်များကို လစ်ဟင်းမှုမရှိအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ကိုယ်တိုင် ခေတ်ပညာမတတ်သော်လည်း သား၊ သမီးများကိုမူ ဘွဲ့ရပညာတတ်များဖြစ်အောင် ကျောင်းထားပေးခဲ့သည်။ မိခင်ကြီး၏မေတ္တာကို တွေးမိလေတိုင်း ကြက်သီးမွေးညင်းပင်ထမိသည်။

**ဇန်ရေသာရှိ**

လက်ရှိအချိန်ထိ ကျေးဇူးရှင်မိခင်ကြီးသည် သား၊ သမီးများ အိမ်ထောင်ကျပြီး ကလေးများရရှိနေသည့်တိုင်အောင် စိတ်မချနိုင်ဘဲ ကလေးငယ်များဟုထင်နေဆဲပင်ဖြစ်သည်။ အသက် ၈၀ ကျော်နေပြီဖြစ်သော်လည်း သား၊ သမီးများအိမ်သို့ လိုက်ပါနေထိုင်ခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ အသက် ၉၀ ကျော်အရွယ် စာရေးသူတို့၏ဖခင်ကြီးနှင့်သာ ဇာတိချက်ကြွေတောရွာလေးတွင် အတူနေထိုင်လျက်ရှိသည်။ သား၊ သမီးများက ပြုစုစောင့်ရှောက်လိုသဖြင့် ခေါ်လေ့ရှိသော်လည်း မည်သူ့ကိုမျှ ဒုက္ခမပေးလိုဟုပြောဆိုကာ ငြင်းဆန်လေ့ရှိသည်။ မိဘမေတ္တာဟူသည် ဇန်ရေသာရှိသည်ဆိုသော စကားမှာ ထာဝရမှန်ကန်နေဆဲပင်ဖြစ်သည်။

အမေ၏မေတ္တာရိပ်သည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရအောင် အေးချမ်းလှပေသည်။ တစ်ခါတစ်ရံ ခွင့်ရ၍ မိဘနေအိမ်ပြန်ရသည့်အချိန်အခါမျိုးတွင် ကျေးဇူးရှင်မိခင်ကြီးနှင့်တွေ့ရမည်ကိုတွေးပြီး ကြည်နူးခဲ့ရသည်။ ကျေးဇူးသိတတ်ပြီး လိမ္မာသော သား၊ သမီးများကဲ့သို့ မိခင်ကြီးကို ဝတ်ကြီး၊ ဝတ်ငယ်ပြုစုကာ အလုပ်အကျွေးပြုသွားလိုသော်လည်း အခွင့်အရေးမရသေးသဖြင့် ကြိုးပမ်းသွားရဦးမည်ဖြစ်သည်။

**ဆန်ရေလည်းရှိသင့်**

သား၊ သမီးများသည် မိဘများကို မိမိတို့တတ်နိုင်သမျှ ထောက်ပံ့ကူညီအလုပ်အကျွေးပြုသွားသင့်သည်။ ထိုထောက်ပံ့ကူညီမှုများသည် အမေများ၏ မေတ္တာနှင့်နှိုင်းယှဉ်လျှင် မြင်းမိုရ်တောင်နှင့် နှမ်းစေ့လောက် ကွာခြားလှသည်။ ကြီးပွားတိုးတက်အောင်မြင်မှုရရှိနေကြသည့် သား၊ သမီးများအနေဖြင့် ကျေးဇူးရှင်မိဘနှစ်ပါးအပေါ် ဆန်ရေမေတ္တာဖြင့် တုံ့ပြန်သင့်ပေသည်။ အထူးသဖြင့် မိဘများသက်ရှိထင်ရှားရှိစဉ် တတ်နိုင်သမျှ အလုပ်အကျွေးပြုသွားသင့်ပေသည်။ အချို့သော သား၊ သမီးများသည် ရာထူး၊ ဂုဏ်ပကာသနများအပေါ် မိန်းမောနေကြသဖြင့် မိဘကျေးဇူးဆပ်ရန် မေ့လျော့နေတတ်ကြသည်။ မိဘများမရှိတော့မှသာ နောင်တရလေ့ရှိကြသည်။ အချိန်လွန်သွားပြီဖြစ်သည်။

❖ စာရေးသူတို့သည် အနန္တကျေးဇူးရှင် မွေးမေမေ၏မေတ္တာတရားကြောင့် ရခဲလှသောလူ့ဘဝကို ရရှိခဲ့ခြင်းဖြစ်သည်။ ဤကမ္ဘာကြီးတွင် မိဘကျေးဇူးနှင့်ကင်းသူရှိမည်မဟုတ်ချေ။ အထူးသဖြင့် မွေးမေမေများ၏ ကျေးဇူးသည် အနန္တပင်ဖြစ်သည်။ မိဘများ၏ကျေးဇူးတရားကို စာတစ်စောင်၊ ပေတစ်ဖွဲ့ရေးသားနေရုံမျှဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ အကြောင်းမှုကား မိဘ၏မေတ္တာကို တိုင်းတာနိုင်စွမ်းမရှိသောကြောင့် ဖြစ်သည်။ မိဘများသည် သား၊ သမီးတိုင်းကို တတ်သိလိမ္မာစေချင်ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ ❖

မိဘများသည် သား၊ သမီးများက တစ်ကျပ်ဖိုးပေးလျှင် ၁၀၀ ဖိုး၊ ၁၀၀၀ ဖိုးရသည်ဟု ပိုပိုသာသာ ပြောလေ့ရှိကြသည်။ သား၊ သမီးများ၏ သိတတ်မှုကိုလည်း ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုလေ့ရှိကြသည်။ သား၊ သမီးများအနေဖြင့် မိဘများ၏ကျေးဇူးကို တတ်နိုင်သမျှပေးဆပ်သွားသင့်ပေသည်။ ထိုသို့ပေးဆပ်ရာတွင် အနည်း၊ အများသည် ပဓာနမကျပေ။ သိတတ်မှုကသာလျှင် အခရာကျပေသည်။ ဘဝတွင် ပင်ပန်းကြမ်းတမ်းခက်ခဲမှု မည်မျှပင်တွေ့နေစေကာမူ မိဘများ၏မေတ္တာ၊ အထူးသဖြင့် မိခင်မေတ္တာကို တစ်စက္ကန့်မျှ မေ့လျော့မထားသင့်ပေ။

**ဆပ်၍မကုန်**

အမေတစ်ဦးသည် ရင်သွေးငယ်တစ်ဦးကို စတင်သန္ဓေတည်ပြီဆိုကတည်းကပင် မမြင်ရသေးသည့် ထိုကလေးအပေါ် မေတ္တာစိတ်များ တဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးငယ်ကို ထိခိုက်မည်စိုးသဖြင့် ပူ၊ ငန်၊ စပ်၊ ခါးများကို ရှောင်ရသည့်အပြင် အထိုင်၊ အထ၊ အသွား၊ အလာကိုလည်း ဆင်ခြင်ရသည်။ "ယောက်ျား ဖောင်စီး၊ မိန်းမ မီးနေ"ဆိုသကဲ့သို့ အမေတစ်ဦးသည် သေမင်းနှင့် စစ်ခင်းပြီးမှသာ သား၊ သမီးတစ်ဦးကို မွေးဖွားရခြင်းဖြစ်သည်။ မွေးဖွားလာသည့် ထိုကလေးငယ်ကိုလည်း လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ရသည်။ ထို့ကြောင့် အမေများ၏ကျေးဇူးသည် ဆပ်၍မကုန်နိုင်ပေ။

မွေးမေမေတ္တာတွင် မမြင်နိုင်သောစွမ်းအားများများစွာရှိနေသည်။ အမေများ၏ ယောဂီရောင်ထဘီကို တဘက်ပုံစံဖြတ်ချုပ်ပြီး ခေါင်းအုံးပေါ်တင်အိပ်သင့်သည်။ အိပ်မပျော်သည့်ညများတွင် ထိုတဘက်လေးကိုသာ မျက်နှာပေါ်တင်လိုက်လျှင် နှစ်ခြိုက်စွာအိပ်ပျော်သွားနိုင်သည်။ ထို့ပြင် မိဘများ၏ ဓာတ်ပုံနှင့် အမေဖြစ်သူ၏ဆံပင်တို့ကိုလည်း အင်္ကျီအိတ်ကပ်ထဲထည့်ပြီး သွားလေရာကိုယူဆောင်သွားသင့်သည်။ ထိုသို့ဆောင်ထားမည်ဆိုလျှင် ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများစွာကိုကျော်လွှန်နိုင်သည်။ အဆွေစာရှုသူအနေဖြင့်လည်း အနန္တကျေးဇူးရှင်မွေးမေမေတ္တာကို ယုံကြည်စွာဖြင့် အလားတူလုပ်ဆောင်ကြည့်စေချင်ပါသည်။

**ကျေးဇူးရှင်မေမေ**

ဆိုရလျှင် လူတိုင်းတွင် ကျေးဇူးရှင်မွေးမေမေများရှိကြသည်။ ထိုမိခင်များသည် သား၊ သမီးများအပေါ် မေတ္တာစိမ့်စမ်းမပြတ်စီးဆင်းနေလျက်ပင်ရှိကြသည်။ မိဘ၏စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ရှိသော်လည်း သား၊ သမီးများ၏ဆန်ရေမေတ္တာမှာမူ တွေ့ရမြင်ရကြုံရခဲပေသည်။ လူ့ဘဝတွင် အရာများစွာကို အစားထိုးရှာဖွေနိုင်သော်လည်း ကျေးဇူးကြီးမားလှသော မိခင်များ၏ကရုဏာမေတ္တာကိုမူ မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရနိုင်ပေ။

ထို့ပြင် မွေးမေမေတ္တာအေးရိပ်ဆာယာသည် လွန်စွာပင် နွေးထွေးအေးချမ်းလှပေသည်။ အထူးသဖြင့် သား၊ သမီးများသည် မိဘများသက်ရှိထင်ရှားရှိနေစဉ် တတ်နိုင်သမျှ အလုပ်အကျွေးပြုသွားသင့်သည်။ မည်သို့ပင်ဆိုစေကာမူ လူတစ်ဦးသည် ကျေးဇူးရှင်မွေးမေမေ၏မေတ္တာစွမ်းအားများဖြင့်သာ ရပ်တည်သွားမည်ဆိုလျှင် ကျန်းမာပျော်ရွှင်သောဘဝတစ်ခုကို တည်ဆောက်နိုင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။

# Ngalaiktha elephant protection camp in Ottarathiri Township earns more than K26 million incomes in nine months


Ngalaiktha elephant protection camp seen with visitors.

**Nay Pyi Taw January 24**

During the period from April to December 2023-24 financial year, Ngalaiktha elephant protection camp in Ottarathiri Township earned more than K26.1 million from entrance and other charges of visitors, said in-charge of the camp U Kyaw Swa Win.

The camp is located in Block 78 of Ngalaik forest reserve near mile post 217 on Yangon-Mandalay expressway in Ottarathiri Township. It was established on 9 May 2017.

"The elephant camp is on 573 acres of land with 288 acres of pastureland. The camp gives services to travellers with feeding and short and long elephant ride. Moreover, elephant show is arranged on holidays. The elephant museum shows knowledge about elephants to the visitors. Travellers can enjoy teak plantation, gum-kino plantation and pine plantation. Moreover, travellers can be served catering services for their relaxation," he added.

Travellers can observe shows of elephants, natural beauties and lifestyle of elephant workers. Moreover, they can view natural feeding of elephants in the forest. They can buy feeds of elephant at K1,000 per tray.

The camp arranges a car park for travellers and bungalows for visitors. At present, the camp is formed with 21 elephants including five male elephants and two calves.

ASH

# Bosnia and Herzegovina on path to EU accession: European Commission chief

**Sarajevo January 24**

Bosnia and Herzegovina is on the EU path, said Ursula von der Leyen, president of the European Commission, in Sarajevo on Monday.

Bosnia and Herzegovina (BiH) has been demonstrating its commitment to join the EU, said the European Commission chief at the press conference, after meeting with top political representatives in the BiH capital.

Everyone agrees to see Bosnia and Herzegovina as a united, indivisible, and sovereign state, within the EU, said von der Leyen.

The EU decided to open accession negotiations with BiH as soon as the agreed conditions are met, but it is necessary to see additional progress, especially in democracy and the rule of law, said von der Leyen.

Dutch Prime Minister Mark Rutte and Croatian Prime Minister Andrej Plenkovic also arrived in Sarajevo with von der Leyen.

As previously announced, the visit is aimed at encouraging the BiH leadership to take additional steps towards opening the accession negotiations in March this year.

Xinhua

# Myawady border point handles more than US$24 million worth f trade in December

**Myawady January 24**

The Ministry of Commerce stated that Myawady trade zone could handle more than US$24 million worth of trade in December 2023.

The trade zone stands the second largest amount of trade value among six border trade camps along Myanmar and Thailand.

In December, the camp tackled US$6.819 million worth of export goods and $17.699 million worth of import, totalling $24.518 million.

The trade value in December declined US$77.894 million less than that of November when US$20.75 million worth of export and $81.662 million of import totaled US$102.412 million.

Likewise, the value in December 2023 was less than the same period of 2022. In December of 2022-24 financial year, export value reached US$36.771 million and import, US$60.936 million.

In this regard, Myawady trade zone faced decline of exporting agricultural produce, marine products, finished industrial goods and others as well as importing investment materials, intermediate materials and personal goods.

336


Photo shows the archway of Myawady border trade zone.

# Turkish parliament approves Sweden's NATO bid

**Ankara January 24**

Turkish lawmakers on Tuesday approved a long-delayed bill on Sweden's bid to become the 32nd member of NATO.

The Turkish parliament voted on the bill after a debate in the Grand National Assembly. A total of 346 lawmakers participated in the voting, with 287 votes in favor, 55 against, and four abstentions.

Turkish President Recep Tayyip Erdogan is expected to sign the bill into law within a few days.

Turkish parliament's ratification was welcomed by Swedish Prime Minister Ulf Kristersson. "Today we are one step closer to becoming a full member of NATO," he wrote on social media platform X, formerly known as Twitter.

With Türkiye's ratification, Hungary remains the only NATO member country that hasn't approved Sweden's application to join the military alliance.

Sweden and Finland applied to join NATO after Russia launched its military campaign in Ukraine in 2022. Their accession requires the unanimous approval of all members of NATO.

Türkiye approved Finland's NATO bid in March last year but has slow-walked Sweden's accession, demanding the Nordic country further address Ankara's security concerns.

Xinhua


Turkish lawmakers attend a vote on Sweden's NATO bid at the Grand National Assembly in Ankara, Türkiye, on Jan. 23, 2024.

# Onions from Myingyan marketable in Mandalay

**Mandalay January 24**

Onions produced by Myingyan are in good trading in Mandalay market, said Daw May The Swe, owner of Aung onion and potato brokerage in Mandalay.

Myingyan onions are in high demand in Mandalay market starting from the second week of January, and it has high demand from abroad.

"Merchants prefer to purchase onions from Myingyan at Mandalay market," she added.

According to the statistics on 19 January, onions from Myingyan fetched K2,100 per viss in Mandalay market.

Onions from Myingyan, Monywa, Myittha and Pakokku flow into Mandalay market on a daily basis. Apart from onions from Myingyan, the stocks from Monywa, Myittha and Pakokku are also marketable as usual" she explained.

184

# Myanmar's rubber exports exceed 15,000 tonnes in December, valued at over US$20 million



Packages of rubber sheets for export.

**Nay Pyi Taw January 24**

More than 15,000 tonnes of rubber worth more than US$20 million was exported in December, 2023, according to the Ministry of Commerce.

Myanmar's rubber is being exported and sold to foreign customer markets every month via maritime trade routes and border trade routes.

In December last year, 12,099 tonnes of rubber worth US$16.130 million were exported from maritime trade routes and 3,547 tonnes of rubber worth US$4.840 million were exported from border trade routes, totaling 15,646 tonnes of rubber worth US$20.97 million.

Myanmar exported 8,570 tonnes of rubber to China, 2,790 tonnes of rubber to Malaysia, 419 tonnes of rubber to India, 200 tonnes of rubber to South Korea, and 120 tonnes of rubber to Japan, totaling 12,099 tonnes of rubber via maritime trade routes.

Myanmar exported 2,539 tonnes of rubber to China and 1,008 tonnes of rubber to Thailand, totaling 3,547 tonnes of rubber through border trade routes.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintphyu Township farmers reap bountiful harvest of monsoon paddy

**Pwintphyu January 24**

The farmers of Pwintphyu Township, Magway Region, have completed the harvest and threshing of 69,944 acres of monsoon paddy that were planted with the irrigation water from the Mezali diversion dam.

The paddy fields were sown in the rain crop season and harvested from early November to December 31, 2023. The farmers are now ready to replant the winter crops.

Daw Moe Moe Wai, the head of the Department of Agriculture in Pwintphyu Township, said that the rice cultivation in the area has been successful every year due to the availability of water. She added that the average yield of paddy per acre this year was about 86,05 baskets, which was higher than the previous years. She also said that the price of monsoon paddy in the region was good, and the farmers were happy with their crop income and business.

The township has a favorable climate and soil for agriculture, and the farmers grow crops throughout the year. Under the guidance of the Department of Agriculture, the farmers choose and market high-yielding varieties of paddy to ensure food security and income generation in the region.

Ye Win Naing (NyaungU)




Monsoon paddy being harvested using machinery.

# Mung bean cultivation nears completion in Kalay District

**Kalay January 24**

More than 5,000 acres of mung bean have been planted in the Kalay District, Sagaing Region, as part of the winter crop planting season of 2023-2024.

The district agriculture department aims to complete the remaining 53 acres by the end of this month.

Mung bean is one of the major crops grown in the Kalay District, along with rice, sesame, and sunflower. The district has three townships: Kalay, Kalaywa, and Minkin. Each township has a different target for mung bean planting, based on the soil and climate conditions.

According to U Aung, the head of the Kalay District Agriculture Department, the district has planned to plant 5,433 acres of mung bean this year, of which 5,380 acres have already been planted since October 2023. He said that the department is providing the necessary technologies, varieties, and methods to prevent pests and diseases during mung bean planting.

"We are working to ensure that the designated acres can be planted in time. We are also working on the necessary technologies, varieties, and methods to prevent pests and diseases during mung bean planting," he said.

He added that the department is also cooperating with the farmers to improve the yield and quality of the mung bean crop. He said that the mung bean harvest is expected to start in February 2024.

Last year, the district planted 5,433 acres of mung bean during the winter crop planting season of 2022-2023, which started from October 2022 until December. The district reported a good harvest, with an average yield of 1.5 tons per acre.

206

# Shwebo Township to grow more than 4,000 acres of winter chickpea this year

**Shwebo January 24**

Statistics from the Shwebo Township Agriculture Department mentioned that more than 4,000 acres of croplands have been placed under winter chickpea in Shwebo Township of Sagaing Region this year.

In 2023-24 financial year, Shwebo Township targeted cultivation of 4,646 acres of winter chickpea but so far, 4,639 acres of chickpea has been cultivated.

"This year, we provide quality strains of crops, inputs and post-harvest technology to local farmers in order to have high yield of chickpea in the township," said Head of Township Agriculture Department U Hsan Oo.

Local farmers started cultivation of chickpea on 4,646 acres of chickpea from October to December 2022.

This year, they used trichoderma mushroom in cultivation of chickpea in the township for having high yield of crops.

Local farmers this year chose Yezin-8 and Yezin-11 strains of chickpea suitable for the region. The agricultural cost was more than K300,000 per acre.

Sagaing Region earmarked cultivation of more than 1.2 million acres of pulses and beans this season.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲရေတပ်က ပထမဆုံးပင်လယ်ပြင်မောင်းဒရုန်း၊ ပြည်တွင်းထုတ်စစ်သင်္ဘောများ လက်ခံရရှိ




တူကီယဲရေတပ်သည်ငင်း၏ ရေကြောင်း ကင်းလှည့်မှုနှင့် အီလက်ထရွန်နစ်စစ်ဆင် ရေးမစ်ရှင်များကို တိုးမြှင့်လုပ်ဆောင်နိုင် ရန်အတွက် ပထမဆုံးပင်လယ်ပြင်မောင်း ဒရုန်း၊ ပြည်တွင်းထုတ်စစ်သင်္ဘောများကို လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ ကျင်းပပြုလုပ်ခဲ့သော တပ်တော်ဝင်အခမ်း အနားတစ်ခုတွင် နိုင်ငံ၏ ပထမဆုံး ပြည်တွင်း၌တည်ဆောက်ထားသော ဖရီး ဂိတ်စစ်သင်္ဘော TCG နှင့် ဖြည့်တင်း ထောက်ပံ့ရေးနှင့် တိုက်ခိုက်ရေးသင်္ဘော TCG Derya တို့ကို တူကီယဲရေတပ် ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖရီးဂိတ်စစ်သင်္ဘော TCG Istanbul တွင် ခေတ်မီရေဒါစနစ်၊ တိုက်ခိုက်ရေး စီမံခန့်ခွဲမှုနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး စနစ်များပါရှိသည်။

မိုဘိုင်းလ်ရေတပ်ပလက်ဖောင်းများ ပေါ်တွင် ဒုံးကျည်များကို တင်ဆောင်ပစ် ခတ်ရန်အတွက် MIDLAS ဒေါင်လိုက် ပစ်လွှတ်နိုင်သည့် ဒုံးပစ်လောင်ချာစနစ်ကို လည်း တပ်ဆင်ထားသည်။

တစ်ချိန်တည်းတွင် TCG Derya တိုက်ခိုက်ရေးသင်္ဘောသည် တိုက်ခိုက်ရေး တပ်ဖွဲ့များအတွက် မရှိမဖြစ်လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေးပစ္စည်းများကို အချိန် နှင့်တစ်ပြေးညီ ပြန်လည်ဖြည့်တင်းပေးနိုင် လိမ့်မည်ဖြစ်သည်။

မာလင်ဟု အမည်ပေးထားသည့် ပထမဆုံး ပင်လယ်ပြင်မောင်းဒရုန်းသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက် လှမ်းရေးနှင့် ကင်းထောက်စစ်ဆင်ရေး များကို လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ် ထားခြင်းဖြစ်သည်။

၎င်းသည် အမြန်နှုန်း 36 knots ဖြင့် အလွန်ကြမ်းတမ်းသော ပင်လယ်ပြင် အခြေအနေတွင် ခုတ်မောင်းနိုင်သည် ဟု တူကီယဲသမ္မတ အာဒိုဂန်က ပြော ကြားခဲ့သည်။

ပင်လယ်ရေကြောင်းစစ်ပွဲနှင့် အီလက် ထရွန်နစ်တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုး ရန် လိုအပ်သောနည်းပညာများလည်း ပါရှိသည်။

၎င်း၏ သာလွန်ကောင်းမွန်သော နည်းပညာပိုင်းဆိုင်ရာ ဝိသေသအင်္ဂါရပ်များ ဖြင့် ပင်လယ်ပြင်ရေကြောင်းစွမ်းအား ကိုပံ့ပိုးပေးမည်ဖြစ်ပြီး မိတ်ဖက်တပ်ဖွဲ့ဝင် များအပေါ် ယုံကြည်မှုရှိလာစေရန်နှင့် ရန်သူများကို ကြောက်ရွံ့ထိတ်လန့်စေလိမ့် မည်"ဟု တူကီယဲသမ္မတ အာဒိုဂန်က ရှင်းပြခဲ့သည်။

**Turkish Navy Receives First Sea Drone, Indigenous Vessels ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက FPV ဒရုန်းအတွက် EFP-S သံချပ်ကာဖောက်ခဲယမ်းများကို ထုတ်ဖော်ပြသခဲ့

ယူကရိန်းအင်ဂျင်နီယာများသည် FPV (First-Person View) ဒရုန်း အတွက် EFP-S သံချပ်ကာဖောက်ခဲယမ်း များကို ထုတ်ဖော်ပြသခဲ့ကြောင်း www. armyrecognition.com သတင်းဌာန က ဇန်နဝါရီ ၂၂ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

Army of Drones စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤဆန်းသစ် တီထွင်မှုသည် ပေါ့ပါးသောသံချပ်ကာ ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် သိသိသာသာ တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ် ဖြစ်ပြီး စစ်လက်နက်ပစ္စည်းများအပေါ် တိုက်ခိုက်ချေမှုန်းရာတွင် ၎င်းတို့၏ ထိရောက်မှုကို သက်သေပြလျက်ရှိသည်။

တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်များ တပ်ဆင်ထားသော်လည်း ယာဉ်တင် အမြောက်တပ်များ၊ ခြေလျင်တိုက်ခိုက်ရေး ယာဉ်များနှင့် သံချပ်ကာလူသယ်ယာဉ်များ အပါအဝင် အပေါ့စားတင့်ကား၊ အမြောက်၊ သံချပ်ကာယာဉ်များကို တိုက်ခိုက်ရာတွင် ၎င်း၏စွမ်းရည်ကို ပြသထားခဲ့သည်။

ယူကရိန်းသည် ရှေ့တန်းစစ်မျက်နှာ များတစ်လျှောက် FPV ဒရုန်းများကို တပ်ဖြန့်အသုံးပြုထားပြီး ရုရှားစစ်လက်နက်၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် တပ်ဖွဲ့ဝင်များအပေါ် ထိထိရောက်ရောက် ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ သို့သော် စိန်ခေါ်မှုမှာ ကျည်ကာယာဉ်များကို ထိုးဖောက်ဝင်ရောက်ပြီး ဖျက်ဆီးနိုင်ရန် အသုံးပြုသော FPV ဒရုန်းတစ်စင်း၏ သက်ရောက်မှုမှာ မကြာခဏ စိန်ခေါ်မှု တစ်ရပ် ဖြစ်ပေါ်စေလျက်ရှိသည်။

EFP-S သံချပ်ကာဖောက်ကျည်သည် တာဝေးတစ်နေရာမှ သံချပ်ကာယာဉ် အပေါ် ထိထိရောက်ရောက်ထိုးဖောက်ဝင် ရောက်တိုက်ခိုက်နိုင်စွမ်းရှိစေရန် ဒီဇိုင်း ထုတ်ထားခြင်းဖြစ်သည်။ သတ်မှတ်ချက် များအရ ဤသံချပ်ကာဖောက်ကျည်သည် အလေးချိန် ၁၆၅ ဂရမ်ရှိပြီး တစ်စက္ကန့် လျှင် မီတာ ၁၈၀၀ နှုန်းဖြင့် ထိရောက်သော ပေါက်ကွဲမှုမှာ ရှစ်မီတာခန့်ထိရှိကြောင်း သိရသည်။

EFP-S သံချပ်ကာဖောက်ကျည် များတွင် အလွယ်တကူဖြုတ်နိုင်၊ တပ်နိုင် သော ကိုယ်ထည်အစိတ်အပိုင်းများ၊ အထိန်းဝက်အူများ၊ ဖောက်ခွဲရေးကိရိယာ အဖုံး၊ ဒရုန်းကိုယ်ထည်တပ်ဆင်ရန်အတွက် Adapter တစ်ခု၊ လမ်းကြောင်းပြကင်မရာ ကိုချိန်ညှိရန်အတွက် ချိန်ဆိုက်တစ်ခုနှင့် ရော်ဘာအောက်ခံပြားတို့ပါဝင်သည်။ ဤ ဒီဇိုင်းသည် နိုင်လွန်ကြိုးများကိုအသုံးပြု၍ FPV ဒရုန်းနှင့် မိမိဘာသာချိတ်ဆက်နိုင် ပြီး ဖွဲ့စည်းတည်ဆောက်မှုနှင့် အသုံးချ ရာတွင် ရိုးရှင်းလွယ်ကူမှု၊ ထိရောက်မှုတို့ကို လိုက်လျောညီထွေဖြစ်စေသော ပေါင်းစပ်မှု ကို ပြသထားသည်။


FPV ဒရုန်းများ အသုံးပြုနိုင်ရေး ရည်ရွယ်သည့် အခမဲ့လေ့ကျင့်ရေးအစီအစဉ် တွင် ယူကရိန်းနိုင်ငံသားများကို ပါဝင်ရန် ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင်ပြောင်း ရေးဝန်ကြီး Mykhailo Fedorov က တိုက်တွန်းပြောကြားထားကြောင်း သိရှိ ရပါသည်။



**Ukraine's Army of Drones unveils EFP-S armor-piercing ammunition for FPV drones ကို ဘာသာပြန်ဆိုထားပါသည်။**

## မြောက်ကိုရီးယား၏ ရေအောက်နျူကလီးယားတိုက်ခိုက်ရေးဒရုန်းစမ်းသပ်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားသံသယရှိနေ

မြောက်ကိုရီးယား၏ ရေအောက် နျူကလီးယားတိုက်ခိုက်ရေးဒရုန်းစမ်းသပ် မှုနှင့်ပတ်သက်၍ သံသယရှိကြောင်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ဖော်



ပြောကြားခဲ့သည်ဟု www.navyrecog-nition.Com သတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယွန်ဟက်သတင်းအေဂျင်စီမှ Kim Soo-Yeon ၏အဆိုအရ မြောက်ကိုရီးယား ၏ပြောဆိုချက်များသည် တောင်ကိုရီးယား အစိုးရအတွက် သံသယဖြစ်၊ စဉ်းစားနေ သည်ဟုဆိုသည်။ တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန်တို့နှင့် ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေ ဖြင့် ရေအောက်နျူကလီးယားတိုက်ခိုက်ရေး ဒရုန်း Haeil-5-23 ပါဝင်သော ထူးခြား သောစမ်းသပ်မှုတစ်ခုကို မြောက်ကိုရီးယား က ဇန်နဝါရီ ၁၉ ရက်တွင် ပြုလုပ်ခဲ့ ကြောင်း ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ရေအောက်စမ်းသပ်မှု များအတွက် နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးဒရုန်းစနစ်ကို မြောက်ကိုရီး ယားနိုင်ငံတွင် ပိုင်ဆိုင်နိုင်ဖွယ်မရှိ ကြောင်း ရေးသားဖော်ပြခဲ့သည်။ တော်ပီဒို ဒုံးကျည်နှင့် တူညီသောကိရိယာတစ်ခုတွင် တပ်ဆင်နိုင်သည့် အသေးစားဓာတ်ပေါင်းဖို နည်းပညာဖွံ့ဖြိုးတိုးတက်မှုမရှိကြောင်း ၎င်းတို့က မှတ်ချက်ပြုခဲ့ခြင်းလည်းဖြစ်သည်။

တောင်ကိုရီးယားစစ်ဘက်သည် မြောက် ကိုရီးယား၏ ရေအောက်လက်နက်စနစ်များ ဖြစ်သည့် နျူကလီးယားတိုက်ခိုက်ရေးဒရုန်း များနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်စမ်းသပ်နေမှု များအပေါ် အမေရိကန်နှင့် ပူးပေါင်းကာ ထောက်လှမ်းရေးသတင်းနှင့် ထောက်လှမ်း ရေးစနစ်၊ စက်ပစ္စည်း၊ ကိရိယာများမှ တစ်ဆင့် အနီးကပ်စောင့်ကြည့်နေသည်။

တောင်ကိုရီးယားနိုင်ငံ အစိုးရသည် ခြိမ်းခြောက်မှုများကို ထိထိရောက်ရောက် တုံ့ပြန်ရန် ဆိပ်ကမ်းများအနီးတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစွမ်းရည်နှင့် ကာကွယ်ရေးအစီအမံများကို တိုးမြှင့်လုပ် ဆောင်ထားကြောင်း၊ မြောက်ကိုရီးယား၏ စစ်ရေးလှုပ်ရှားမှုများနှင့် ဆက်နွှယ်နေသည့် အခြေအနေများကို တန်ပြန်ရန် အဆင် သင့်ရှိကြောင်း ၎င်းတို့က ထပ်လောင်း ပြောကြားခဲ့သည်။

**North Korea's claimed test of Haeil-5-23 underwater nuclear attack drone qualified as fabri-cated ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၀၁၁၀၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံဧက ၂၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးပါပြီ။ စားသုံးဆီဖူလုံဖို့အတွက် ဆီထွက်သီးနှံတိုးစိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၉၇၉၆၈ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ မုန်ညင်း ၅၃၂ ဧက၊ နေကြာ ၂၉၃၅ ဧကနှင့် ပန်းနှမ်း ၂၀၃၃ ဧက စုစုပေါင်း ၁၉၉၁၈၃ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၃၃ ဧကနှင့် ပန်းနှမ်း ၅၅၂၈ ဧက စုစုပေါင်း ၂၀၁၁၀၈ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ ဆီထွက်သီးနှံများကို သီးထပ်သီးညှပ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် ရွာသစ်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် True Money Myanmar ပူးပေါင်း၍ ရွာသစ်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၃ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို Mobile Financial Payment စနစ်ဖြင့်ထုတ်ချေးပေးခြင်းဖြင့် ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်း၊ အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် True Money Myanmar ကုမ္ပဏီတို့ပူးပေါင်း၍ Manual Cash-Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေကိုးလက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၅၈ ဒသမ ၃၈သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃ ခုနှစ် မေ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ဆက်လှ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အမျိုးသားရေးစိတ်ဓာတ်များဖြင့်ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

**မောင်ရွှေရိုး**

❖ မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့်ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ပြဿနာအရပ်ရပ်ကို ရဲရင့်စွာရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသော လူမျိုးရေးတရားကိုအခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသော ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူဆက်ဆံနိုင်ရေး မူကြီးများအပေါ်အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကိုခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေး အခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့်ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်. . .

**ယမန်နေ့မှအဆက်**

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း စစ်ကြီးဖြစ်ခါနီးဆဲဆဲ လွတ်လပ်ရေးတိုက်ပွဲကြီးနီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကိုပင်ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီး ထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ "စံ"တစ်ခု ဖြစ်ခဲ့ပေသည်။ ထို့ပြင် စစ်ကြီးဖြစ်ခါနီး ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ကမကထပြုနိုးဆော်စည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှအစိုးမိုးခံဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ ဥပဒေခြေလှမ်းတစ်ရပ်ဖြစ်ခဲ့ပေသည်။ ၎င်းလှုပ်ရှားမှုနှင့်မရှေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ်အမျိုးသားလွတ်လပ်ရေးခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် "မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး"ကို တည်ထောင်ခဲ့ပေသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီး နေသူရိန်အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏ နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသော ဆောင်ရွက်ချက်သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turning Point) ဖြစ်ခဲ့လေသည်။

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုများနှင့် လူထုလူတန်းစားစည်းရုံးလှုပ်ရှားမှုများကို တို့ဗမာအစည်းအရုံးကြီးသည် ထူးခြားစွာ ကိုင်တွယ်လမ်းညွှန်ခဲ့ပေသည်။ တို့ဗမာအစည်းအရုံးခေတ်ရောက်မှသာ နိုင်ငံလုံးဆိုင်ရာ လူထုလူတန်းစားအဖွဲ့အစည်းကြီးများ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ သာဓကအားဖြင့် နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး၊ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ၁၃၀၀-ပြည့် အရေးတော်ပုံကာလအတွင်း လူထုလူတန်းစားအဖွဲ့အစည်းများ မြောက်မြားစွာပေါ်ထွက်လှုပ်ရှားခဲ့ကြသည်။ အိမ်တွင်းပုန်း ပညာတတ်မြန်မာအမျိုးသမီးများတွင် ဗမာ (မြန်မာ) ပြည်လွတ်လပ်ရေးအမျိုးသမီးအစည်းအရုံးကြီးဟု ပေါ်ထွက်ခဲ့သည်။

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် တို့ဗမာအစည်းအရုံးမတိုင်မီက ပေါ်ပေါက်ခဲ့သော နိုင်ငံရေးအဖွဲ့အစည်းများသည် နိုင်ငံရေးဝါဒနှင့်လမ်းစဉ်ဟူ၍ သီးခြားသတ်မှတ် ပိုင်းခြားပြဋ္ဌာန်းထားခြင်းမရှိခဲ့ပေ။ တို့ဗမာအစည်းအရုံးခေတ်တွင်မှသာ "တို့ဗမာဝါဒနှင့်လမ်းစဉ်" ဟူ၍ စနစ်တကျသီးခြားပြဋ္ဌာန်းပြီး လုပ်ဆောင်ခဲ့သည်ကိုလေ့လာတွေ့ရှိရသည်။

တို့ဗမာအစည်းအရုံးကြီး၏အလွန် ခေတ်မီဆန်းသစ်သော နိုင်ငံရေးလုပ်နည်းလုပ်ဟန်များ၊ လူထုအားကောင်းစွာဆွဲငင်နိုင်သော ကြွေးကြော်သံများ၊ ပြောဟန်ဟောဟန် ရေးသားဝါဒဖြန့်ချိခြင်းများက တို့ဗမာသီချင်းကြီးနှင့်တကွ ဇာတိမာန်သီချင်းများကို ရေးစပ်ပြုစု၍ နိုင်ငံရေးယဉ်ကျေးမှုနှင့် စည်းကမ်းဓလေ့များကိုပါ ထူထောင်ပေးခဲ့သည်။ ယုတ်စွအဆုံး တို့ဗမာသခင် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံရာတွင် ညာဘက်လက်ရုံး လက်သီးဆုပ်ကိုဆန့်တန်း၍ "ဟေ့---တို့ဗမာ၊ ဟေ့---တို့ဗမာ"ဟု ပြန်လှန်နှုတ်ဆက်ကြသည်အထိ တီထွင်ကျင့်ဆောင်ခဲ့ကြသည်၊ တို့ဗမာအစည်းအရုံးကြီးသည် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာနှင့်တကွ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကိုရင်း မြေကတုတ်လုပ်၍ သစ္စာရှိစွာ ကာကွယ်ရန် ကြည်း၊ ရေ၊ လေတပ်များအပါအဝင် မြန်မာ့တပ်မတော်ကြီးကို စတင်အုတ်မြစ်ချဖွဲ့စည်းနိုင်ခဲ့ပါသည်၊ တို့ဗမာအစည်းအရုံးကြီး၏ မျိုးချစ်နိုင်ငံရေးသမားသခင်များသည် ပြည်သူလူထုအကျိုးအတွက် လွတ်လပ်ရေးကို မဖြစ်မနေရယူရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာမျိုးချစ်လူငယ်များသည် မြန်မာ့တပ်မတော်ကို စတင်ထူထောင်ဖွဲ့စည်းပြီး ယင်းတို့ကိုယ်တိုင် တပ်မတော်သားများအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံအကျိုးအတွက်လိုအပ်လျှင် အသက်ကို ပေးဆပ်မည့်သူများအဖြစ် သစ္စာပြုခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ကိုလိုနီနိုင်ငံများမှာ လွတ်လပ်ဖွံ့ဖြိုးစနိုင်ငံများအဖြစ် ပေါ်ပေါက်လာကြပါသည်။ ထိုနိုင်ငံများအနက် "ဒီမိုကရေစီရေးနှင့်အမျိုးသားညီညွတ်ရေး"ကို ကောင်းစွာတည်ဆောက်နိုင်သောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလုပ်နိုင်ကြပြီး မတည်ဆောက်နိုင်သော နိုင်ငံများမှာ မတည်ငြိမ်မှုများ၊ အမျိုးသားချင်းပဋိပက္ခများဖြင့် နိုင်ငံရေး၊ စီးပွားရေးဇာတ်မျောကာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများထိ ရင်ဆိုင်ကြရလေသည်။ မြန်မာပြည်၏လွတ်လပ်ရေးသက်တမ်း ခုနှစ်ဆယ်ကျော် ကာလတစ်လျှောက်တွင်လည်း ထိုအချက်ကို သက်သေခံခဲ့ပေသည်။

မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ပြဿနာအရပ်ရပ်ကို ရဲရင့်စွာရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသော လူမျိုးရေးတရားကိုအခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသော ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူ ဆက်ဆံနိုင်ရေးမူကြီးများအပေါ်အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကို ခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့် ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်ပေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီးဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်အတွက်လည်း အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ NLD ပါတီ၏ မဲမသမာမှုဆောင်ရွက်ချက်များကြောင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပြဿနာများကို လက်နက်ကိုင်နည်းလမ်းနှင့်ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားဒေသများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအချို့တွင် လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပေါ်ခဲ့ရပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများကိုပါ ထိပါးစေနိုင်သည့် တိုက်ပွဲများဖော်ဆောင်လာသည့်အပြင် အမျိုးဘာသာ၊ သာသနာကိုပါ စော်ကားလာသည့်ဆောင်ရွက်မှုများရှိလာခဲ့ပြီးဖြစ်ပါသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရှမ်းပြည်မြောက်ပိုင်း၊ လောက်ကိုင်ဒေသ MNDAA နှင့် TNLA သောင်းကျန်းသူများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းမှုများမှ မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေလုယက်မှုများထိ ဆောင်ရွက်ခဲ့ကြပြီး မြန်မာတစ်မျိုးသားလုံးအမြတ်တနိုးထားသည့် စေတီနှင့်ဆင်းတုတော်များကို ဖျက်ဆီးခြင်းများသည် မြန်မာလူထုတစ်ရပ်လုံးကို စော်ကားခြင်းဖြစ်ပြီး မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်မချမ်းမြေ့စရာဖြစ်ရပ်မျိုးထိ ဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မိမိတို့အစိုးရ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရေးပင်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့်ဖြေရှင်းရန် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံအတွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့ရကြောင်း၊ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်လုပ်ဆောင်လာခဲ့သဖြင့် ယခုအချိန်ထိ အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများလျော့နည်းပပျောက်ရေး တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများ ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအနေဖြင့်လည်း ပါတီ၏အမာခံများဖြစ်သကဲ့သို့ ဒီမိုကရေစီ၏အမာခံများဖြစ်ရန်လိုအပ်ပြီး ပါတီများ၏အင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိမှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိရန် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံမှုစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင်ဖြစ်ပေါ်လာသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက်ဆုံးရှုံးမှုများရှိသကဲ့သို့ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သဘောထားကွဲလွဲမှုများ၊ အားနည်းမှုများကို သိရှိနားလည်ထားရန်လိုအပ်ပြီး ပါတီမူဝါဒလုပ်ငန်းစဉ်များကို တိကျခိုင်မာစွာ ချမှတ်ထားရန်လိုကြောင်း၊ ထို့နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံ၏ပညာရေးမြင့်မားရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

ယနေ့ဖြစ်ပွားနေသော လက်နက်ကိုင်သောင်းကျန်းမှုများနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်ဆောင်ရွက်မှုများသည် ပြည်သူလူထု၏ အသက်အိုးအိမ်များကိုများစွာထိခိုက်ခဲ့သည့်အပြင် စားဝတ်နေရေးအတွက် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အလုပ်အကိုင်ဆောင်ရွက်မှုများကို ထိခိုက်ခဲ့ရပါသည်။ လူသတ်၊ ဆက်ကြေးတောင်း၊ ဂိတ်ကြေးကောက်၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ကြသည့်အပြင် အပြစ်မဲ့ဝန်ထမ်းမိသားစုများနှင့် ကျောင်းဆရာ၊ ဆရာမများကိုပါ သတ်ဖြတ်ခြိမ်းခြောက်ဆောင်ရွက်ခဲ့မှုများသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် မည်သို့မျှလက်ခံနိုင်စရာအကြောင်းမရှိကြောင်း ထင်ထင်ရှားရှားတွေ့မြင်နေရပြီဖြစ်ပါသည်။ မလုံမခြုံဖြင့် ကုန်ဈေးနှုန်းကြီးမြင့်လာမှုများကြောင့် စားဝတ်နေရေး အတိဒုက္ခရောက်ခဲ့ကြရပါသည်။ စစ်ပွဲဖြစ်ပွားသောဒေသများရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှာ စစ်ဘေးရှောင်ရင်း စစ်ဘေးဒုက္ခသည်များ ဖြစ်ခဲ့ရပါသည်။ EAO အဖွဲ့တချို့၏ဆောင်ရွက်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးထိခိုက်နိုင်သည့်အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးအချိန်အခါလည်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အားများကိုစည်းရုံးပြီး **စာမျက်နှာ ၂၀ သို့**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်(၃)ရပ်ကွက်နှင့် (၅)ရပ်ကွက်အကြား တပင်ရွှေထီးလမ်းဖြတ် သာယာကုန်းချောင်းနှင့် ရန်ကုန်-ညောင်တုန်းလမ်း ရေစုကန်ရေမြောင်းမှ သာယာကုန်း ချောင်းတံတားများသို့ သွားရောက်၍ ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ညောင်တုန်းလမ်း ရေစုကန်ရေမြောင်းမှ သာယာကုန်းချောင်းသို့ ဆက်လက် စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ချောင်းကို စက်ယန္တရားများဖြင့် တူးဖော်ဆယ်ယူရှင်းလင်းရန်၊ ရေစုကန်ရေမြောင်းနှင့် သာယာကုန်းချောင်းအကြား ရေမြောင်းအတွင်း ပိတ်ဆို့အမှိုက်များ ရှင်းလင်းရန်၊ ချောင်း ဝဲယာမြက်ပင်ချုံနွယ်များ ရှင်းလင်းရန်တို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်(၇)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ရေစုကန်ရေမြောင်းကို အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)က 7.5 KOBELCO မြေတူးစက်ဖြင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေမြောင်းပိတ်ဆို့မှုမရှိစေရေး မြစ်ထွက်ပေါက်ထိ ဆက်လက်ရှင်းလင်းရန်၊ မြောင်းချေးများကို အပြောင်ဆယ်ယူရှင်းလင်းပြီး စနစ်တကျ စွန့်ပစ်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)က ပင်မလေးထပ်ဆောင်ရှေ့ အရှည် ၆၆၅ ပေ၊ အကျယ်ပေ ၁၁၀၊ အနက်ရှစ်ပေရှိ ရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် အဓိပတိ(၂)လမ်းနှင့် စံကားဝါဆောင်အကြား ကွင်းပြင်နေရာကို မြေပြုပြင်ပြီး ကွင်းပတ်လည်တွင် အကျယ်ငါးပေ၊ အနက်ငါးပေရှိ ရေမြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်နှင့် တက္ကသိုလ်ဝင်းအတွင်း ရေဝပ်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရေကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်များ စိုက်ပျိုးရန်၊ ကန်တူးဖော်ရာမှ ထွက်ရှိလာသည့် မြေသားများကို ကန်ပတ်ဝန်းကျင်ရှိ မြေနိမ့်နေရာများတွင်ဖို့ပြီး မြေညှိပြုပြင်၍ မြေယာရှုခင်း ဆောင်ရွက်ရန်၊ ရေကန်အတွင်း ရေဖြည့်သွင်းနိုင်ရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အဝီစိတွင်းများ တူးဖော်နေမှုနှင့် ရှစ်လက်မ အဝီစိနှစ်တွင်းနှင့် ရေကန်အတွင်းရှိ အလှဆင်ရေပန်းသုံးခု မောင်းနှင်ရန် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ ထုတ်လုပ်နိုင်မည့် Solar System နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်တပ်ဆင်ရန် မြေပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ နေရောင်ခြည်ကောင်းစွာ ရရှိစေရေး အုပ်မိုးသစ်ကိုင်းများကို ရှင်းလင်းရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၉ မှအဆက်**

ပါတီဝင်အမာခံများဖြင့် ပြည်သူ့လုံခြုံရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ပါသည်။ ပြည်သူလူထု၏စားဝတ်နေရေးအတွက် ဦးစီးရှေ့ဆောင်ပြုကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် တတ်နိုင်သမျှပါဝင်ဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုအခက်အခဲတွေ့နေချိန်တွင် ပြည်သူလူထုနှင့်အတူ အေးအတူပူအမျှထဲထဲဝင်ဝင် စည်းရုံးဆောင်ရွက်ကြခြင်းဖြင့် မိမိပါတီ၏အမာခံအင်အားများ တိုးပွားလာမည်ဖြစ်သလို ပြည်သူ၏ထောက်ခံယုံကြည်မှုလည်း ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည် အသွင်သဏ္ဌာန်ကောင်းမွန်ရန်အတွက် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပုံပါတီဝင်အင်အား၊ ပါတီရုံးခန်း အဆောက်အအုံ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ဆောင်ရွက်နိုင်သော်လည်း ပါတီ၏မူဝါဒ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များကောင်းမွန်မှသာ အနှစ်သာရရှိပြီး ပြည်သူလူထုအားကိုးထောက်ခံယုံကြည်မှုဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်မည်ဖြစ်ပေသည်။ ယနေ့ခံယူကြရမည့် အမျိုးသားရေးရည်မှန်းချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပင်ဖြစ်သည့်အတွက် ပါတီဝင်များ၏စည်းရုံးမှုမှ နိုင်ငံသားအားလုံးအမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး နိုင်ငံရေးပါတီအားလုံးက ဝိုင်းဝန်းပါဝင်ဖော်ဆောင်ပေးကြပါစေလိုကြောင်း တို့ဗမာအစည်းအရုံးကြီးကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများကိုကြိုဆိုလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**


၁။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀-၁၉၄၈)၊ တက္ကသိုလ်စိန်တင်။

၂။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ပထမတွဲ ဒုတိယတွဲ)။

၃။ Ref; APORNRATH PHOONPHONGPHIPHAT, Nikkei staff writer August 23, 2023 Thailand's new PM Srettha to lead next government; 5 things to know.

၄။ နှစ်တစ်ရာပြည့် တရုတ်ကွန်မြူနစ်ပါတီနှင့် အခြေမတည်နိုင်သေးသော ပါတီစနစ်အခြေခံ မြန်မာ့နိုင်ငံရေး(ဆောင်းပါး)။

၅။ ကမ္ဘာ့နိုင်ငံရေး ပါတီစာတမ်းများ (ဦးမြသောင်း)။



ပညာရေးဝန်ကြီးဌာန

(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅-၂၇ ရက်

NAYPYITAW STATE ACADEMY


# နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **မွန်တိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့် ရရှိသော **မွန်တိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေး ပါတီအဖြစ်မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၁ ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘားအံ၊ ကော့ကရိတ်မှ ခေတ်မီမော်တာစက်ချုပ်အခြေခံ သင်တန်းသူများကို ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံအားပေး



**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသို့သွားရောက်ပြီး သင်တန်းခန်းမဌ်ဖွင့်လှစ်လျက်ရှိသည့် ခေတ်မီမော်တာစက်ချုပ်အခြေခံ သင်တန်းတက်ရောက်နေသည့် သင်တန်းသူများကို တွေ့ဆုံအားပေး၍ သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ဘားအံမြို့နယ် ထော့ဖားထော့ကျေးရွာ၊ ကော့တာမွန်ကျေးရွာ၊ မုဣဒိကျေးရွာတို့မှ သင်တန်းသူ ဦးရေ ၂၀၊ ကော့ကရိတ်မြို့ရပ်ကွက်(၄)နှင့် (၇)တို့မှသင်တန်းသူ ၁၀ ဦး စုစုပေါင်း ကရင်၊ ပအိုဝ်းတိုင်းရင်းသူ ဦးရေ ၃၀ တက်ရောက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ပြည်နယ်နှင့်မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယာယီနေရပ်စွန့်ခွာဒေသများက တွဲဖက်ထားသော ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးကိစ္စများ အဆင်ပြေ၊ မပြေ၊ မိသားစုဝင်များ အခက်အခဲရှိ၊ မရှိ တွေ့ဆုံမေးမြန်းညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ မိမိဘဝတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြိုးစားရန်၊ ဌာနတွင်း စည်းလုံးညီညွတ်မှုတည်ဆောက်၍ ဝန်ကြီးဌာန၏မူဝါဒ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိ ကျန်းမာရေးအသိဖြင့် နေထိုင်သွားလာကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူတော်လူကောင်းတွေဖြစ်စေချင်

**ကိုယဉ်ချစ်(မန္တလေး)**

သတ္တလောကကြီးမှာ လောကလူသားတွေဟာ တခြားသက်ရှိသတ္တဝါတွေထက် အသိဉာဏ်ကို အသုံးချပြီး ရပ်တည်နေထိုင်ကြတယ်။ လူချင်းတူပေမဲ့ အသိဉာဏ်ရှိတာ၊ အသိဉာဏ်ကိုအသုံးချတာတွေမတူညီကြပါဘူး။ ဒါကြောင့် လူတွေတစ်ယောက်နဲ့တစ်ယောက် အရည်အသွေး၊ အရည်အချင်းတွေ ကွာဟချက်ရှိလာပါတယ်။ မြန်မာအဘိဓာန်မှာတော့ လူဆိုတာ တွေးခေါ်ဉာဏ်ရှိသောခြေနှစ်ချောင်းသတ္တဝါလို့အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လူဆိုတဲ့ဝေါဟာရရဲ့နောက်မှာ တခြားဝေါဟာရတွေကိုပေါင်းထည့်ကြည့်လိုက်ရင် လူအမျိုးအစားတွေအများကြီးတွေ့ရမှာဖြစ်ပါတယ်။

လူဆိုတဲ့ဝေါဟာရနဲ့ပေါင်းပြီးအဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ ( ဥပမာ - လူရည်ချွန်၊ လူစွမ်းကောင်း၊ လူဆိုး၊ လူမိုက်) ဆိုတာတွေရှိပါတယ်။ ဒါ့ပြင်လူကို တခြားဝေါဟာရတစ်ခုနဲ့တွဲပြီးပေါင်းစပ်သုံးနှုန်းကြည့်လိုက်ရင် လူအမျိုးအစားအမျိုးမျိုးကို လေ့လာတွေ့ရှိရပါတယ်။

လူတော် - ကျွမ်းကျင်လိမ္မာသောသူ
လူကောင်း - မှန်မြတ်သန့်စင်သောသူ
လူရည်ချွန် - ကာယစွမ်းရည်၊ ဉာဏစွမ်းရည် သူတကာထက် ထူးကဲသာလွန်သူ
လူစွမ်းကောင်း - လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်သူ
လူဆိုး - တိုက်ခိုက်လုယက် ညှဉ်းဆဲတတ်သူ၊ စရိုက်ဆိုးသွမ်းသူ
လူမိုက် - အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့သူ၊ မိုက်မဲသူ
လူယုတ်မာ - အကျင့်အလွန်ယုတ်သူ
လူလည် - သူတစ်ပါးကို လှည့်ပတ်၍ကိုယ်ကျိုးရှာတတ်သူ
လူပြိန်း - အတွေ့အကြုံအသိပညာနည်းပါးသူ
လူလိမ် - မဟုတ်မမှန်လှည့်ပတ်ပြောဆိုပြုမူသောသူ၊
လူပွေ - ဟိုဟိုသည်သည် လှည့်လည်ဝင်ရှုပ်သူ၊
လူရှုပ် - ကိုယ်နှင့်မသက်ဆိုင်ဘဲ ပါဝင်စွက်ဖက်သောသူလို့အဓိပ္ပာယ်ရတဲ့ လူအမျိုးအစားတွေ ပေါ်ထွက်လာပါတယ်။

လူတွေမှာ ကောင်းတဲ့အရည်အချင်းတွေရှိသလို မကောင်းတဲ့အရည်အချင်းတွေရှိတာကိုလဲ လေ့လာသိရှိနိုင်ပါတယ်။

လူအမျိုးအစားတွေထဲက လူတော်နဲ့လူကောင်းအကြောင်းကို ဖော်ပြလိုပါတယ်။ လူတော်လူကောင်းကို ပါဠိလိုသပ္ပုရိသလို့ခေါ်ပြီး သူတော်ကောင်းလို့လဲ ဆိုကြပါတယ်။ သပ္ပုရိသဂုဏ်အင်္ဂါခုနစ်ပါး ရှိပါတယ်။ အဲဒီဂုဏ်အင်္ဂါခုနစ်ပါးကတော့ ပိယဂုဏ်-သတ္တဝါမှန်သမျှချစ်မြတ်နိုးလှခြင်း၊ ဂရုဂုဏ်-ကမ္ဘာသားအားလုံးတို့ လေးစားနိုင်သောကိုယ်ကျင့်သိက္ခာရရှိခြင်း၊ ဘာဝနီယဂုဏ် -ဝေဖန်သုံးသပ်နိုင်သောဉာဏ်ရှိရခြင်း၊ ဝတ္တဂုဏ် -မေးသမျှချေပဖြေဆိုနိုင်မှုရှိရခြင်း၊ ဝစနက္ခမဂုဏ် -မေးစမ်းပြောဆိုသမျှသည်းခံနိုင်ရခြင်း၊ ဂမ္ဘီရဂုဏ် -နက်နဲခက်ခဲသောတရားမြတ်ကိုဟောကြားထုတ်ဖော်ပြနိုင်မှုရှိရခြင်း၊ နောစဋ္ဌာနဂုဏ် -မလျော်ရာဋ္ဌာန၌ မဟောပြ၊ မတိုက်တွန်းမှုရှိရခြင်းတို့ဖြစ်ပါတယ်။ ဒီဂုဏ်အင်္ဂါတွေနဲ့ပြည့်စုံဖို့ကလဲ အင်မတန်ခက်ခဲပါလိမ့်မယ်။

လူတော်လူကောင်းဆိုတာ တော်လဲတော်၊ ကောင်းလဲကောင်းတဲ့သူတွေဖြစ်ပါတယ်။ လူတော်ဆိုတာ ပညာအရည်အချင်းကိုကြည့်ပြောတာဖြစ်လို့ ပညာတတ်တဲ့သူဖြစ်ပါတယ်။ လူကောင်းဆိုတာ ကိုယ်ကျင့်တရားကောင်းတဲ့သူ၊ အများအပေါ်စိတ်နေသဘောထားကောင်းတဲ့သူလို့ဆိုပါတယ်။ ဝိသေသအားဖြင့် ခွဲခြားမရနိုင်တာကြောင့် လူတော်လူကောင်းလို့လဲတွဲပြီး သုံးစွဲတတ်ကြပါတယ်။

လူတော်ဆိုတာ အတတ်ပညာတွေကိုကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ကြတယ်။ ရှိသင့်သလောက်အသိပညာတွေရှိကြတယ်။ ကျောင်းစာတွေသင်ယူပြီးဘွဲ့ဒီဂရီတွေရအောင် ကြိုးစားသင်ယူလို့ပညာတွေတတ်မြောက်သူတွေရှိတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အတွက် တတ်သင့်တဲ့အတတ်ပညာတွေတတ်မြောက်သူတွေလဲရှိတယ်။ အတတ်ပညာဆိုတာသင်ယူလေ့လာမှုတွေကရခဲ့ကြတာဖြစ်လို့ စာတွေ့အတွေ့အကြုံတွေရှိတယ်။ အတတ်ပညာတွေအသုံးချရင်း အတွေ့အကြုံတွေထပ်ရလာလို့ လုပ်ငန်းနဲ့ပတ်သက်တဲ့ပညာတွေ ထပ်ပြီးတိုးလာတာတွေရှိတယ်။ အတတ်ပညာအတွက် အသိပညာဝမ်းစာတွေဖြည့်ဆည်းနေကြတာဖြစ်လို့ သာမန်လူတွေထက် တော်သူတွေဖြစ်လာပါတယ်။

အတတ်ပညာဆိုတာ အရွယ်မရွေးကိုယ်နဲ့သင့်တော်တဲ့အတိုင်းအတာတစ်ခုထိ သင်ယူနိုင်ပါတယ်။ သဘာဝတရားကြီးဟာ အမြဲမပြတ်ပြောင်းလဲနေတာဖြစ်လို့ တိုးတက်နေတဲ့အခြေအနေတွေနဲ့အညီ အတတ်ပညာတွေကို မျက်ခြည်မပြတ် သင်ယူလေ့လာဆည်းပူးနေကြရပါတယ်။ ဘယ်ပညာမဆိုရပ်တန့်နေတာမဟုတ်လို့ ကာလဒေသနဲ့လိုက်လျောညီထွေဖြစ်အောင် သင်ယူလေ့လာနေကြရပါမယ်။ တစ်ချိန်က ရုံးလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ ရုံးစာတွေကို လက်နှိပ်စက်နဲ့အသုံးပြုခဲ့ကြပေမဲ့ ကွန်ပျူတာတွေပေါ်လာတော့ နည်းပညာအရ သာလွန်ကောင်းမွန်တဲ့အတွက် ကွန်ပျူတာတွေကလက်နှိပ်စက်တွေရဲ့နေရာမှာ အစားထိုးဝင်ရောက်လာပါတယ်။ လက်နှိပ်စက်သုံးရတဲ့ဝန်ထမ်းဟာ လက်နှိပ်စက်ရိုက်တတ်တာအပြင် ကွန်ပျူတာအတတ်ပညာကိုပါ ထပ်ပြီးသင်ယူရပါမယ်။ အလားတူ နောင်မှာ တိုးတက်ပြောင်းလဲလာမဲ့အခြေအနေတွေနဲ့လိုက်လျောညီထွေဖြစ်အောင် သင်ယူလေ့လာနေကြရအုံးမှာဖြစ်ပါတယ်။

လူကောင်းဆိုတာကတော့ သူတစ်ပါးအကျိုးကို မထိခိုက်စေဘဲ ကိုယ့်အကျိုးအတွက်အလုပ်လုပ်နေကြပါတယ်။ ကိုယ့်ဘဝကိုတည်ဆောက်နေရင်း အများရဲ့အကျိုးစီးပွားကိုလဲ ဖော်ဆောင်ပေးနေကြပါတယ်။ လူကောင်းဆိုတာ အောက်ပါအရည်အချင်းတွေကို ပိုင်ဆိုင်ကြပါတယ်။

၁။ သာမန်လူတွေထက် သာလွန်တဲ့အရည်အချင်းကောင်းတွေပိုင်ဆိုင်သူ
၂။ စိတ်နေသဘောထားပြည့်ဝသူ
၃။ သူတစ်ပါးရဲ့ကိုယ်ရောစိတ်ပါနာကျင်အောင်မပြုသူ
၄။ အင်အားချည့်နဲ့နေသူကို အနိုင်မကျင့်သူ
၅။ မတရားတဲ့အလုပ်ကိုလုပ်ရမှာ ရှက်တတ်၊ ကြောက်တတ်သူ
၆။ ရိုးသားဖြောင့်မတ်သူ
၇။ စည်းကမ်းနဲ့ပြောတတ်၊ လုပ်တတ်သူ
၈။ အတ္တအကျိုးနဲ့ ပရအကျိုးတွေကိုမျှတအောင်ပြုတတ်သူ
၉။ ကိုယ်နှုတ် အမူအရာယဉ်ကျေးသူ
၁၀။ စိတ်နေသဘောထားတည်ကြည်ပြီး ကတိတည်သူတွေဖြစ်ပါတယ်။

လူတစ်ဦးဟာ လူတော်လူကောင်းဖြစ်ဖို့ စံသတ်မှတ်ချက်အရည်အချင်းတွေနဲ့ ပြည့်စုံဖို့မလွယ်ကူပါဘူး။ လူတော်ဟာ ပညာတတ်မြောက်သူဖြစ်တယ်။ လူကောင်းဆိုတာကတော့ ကိုယ်ကျင့်တရားရှိတယ်။ ကိုယ်ကျင့်တရားဆိုတာ သီလပါပဲ။ သီလနဲ့ပြည့်စုံသူဆိုတာ သုစရိုက်တရား ၁၀ ပါးကို လိုက်နာကျင့်သုံးနေသူတွေဖြစ်ပါတယ်။

လောကမှာ လူတွေအများကြီးရှိပေမဲ့ လူတော်၊ လူကောင်းတွေ အင်မတန်ရှားပါးပါတယ်။ လူတော်နဲ့လူကောင်းတွေရွေးပါဆိုရင် တော်တာရော၊ ကောင်းတာရောနှစ်မျိုးစလုံးပြည့်စုံတဲ့သူကို ရွေးချယ်ရပါမယ်။ ဒါပေမဲ့ နှစ်မျိုးထဲကတစ်မျိုးကိုသာ ဦးစားပေးရွေးပါဆိုရင်တော့ လူကောင်းကိုသာ ဦးစားပေးရွေးချယ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကျင့်တရားကောင်းသူတွေကသာ အများကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်လို့ဖြစ်ပါတယ်။ လူတော်တစ်ယောက်တော့ဖြစ်ပါရဲ့ ပညာတွေလဲတတ်တယ်၊ စည်းစိမ်ဥစ္စာတွေလဲပြည့်စုံချမ်းသာတယ်၊ ရာထူးလဲကြီးတယ်ဆိုပေမဲ့ ကိုယ်ကျင့်တရား (သီလ) မစောင့်ထိန်းနိုင်သူဆိုရင်တော့ အများကိုအကျိုးမပြုနိုင်တဲ့အပြင် အန္တရာယ်ပါပေးနိုင်တာကြောင့် ကိုယ်ကျင့်တရားကောင်းတဲ့လူကောင်းတွေသာ ဦးစားပေးရွေးချယ်သင့်ပါတယ်။

လူ့အသိုင်းအဝိုင်းမှာ လူတော်လူကောင်းတွေရှိဖို့ကတော့ အမှန်လိုအပ်ပါတယ်။ လူတော်လူကောင်းဖြစ်ဖို့အတွက် အရည်အချင်းတွေ လိုအပ်ပါတယ်။ အဲဒီအရည်အချင်းတွေကတော့ ကျေးဇူးရှင်မိဘနှစ်ပါးကို လုပ်ကျွေးပြုစုကျေးဇူးဆပ်နေသူ၊ သက်ကြီးရွယ်အို၊ ဆွေမျိုးမိတ်သင်္ဂဟကို ရှိသေလေးစားစောင့်ရှောက်သူ၊ သိမ်မွေ့ယဉ်ကျေးစွာနဲ့ အပြစ်ကင်းတဲ့စကားကိုသာပြောသူ၊ တစ်ယောက်နဲ့တစ်ယောက်အတင်းအဖျင်းမပြောဘဲ ညီညွတ်အောင်သာပြောဆိုတတ်သူ၊ မစ္ဆရိယတရားကိုဖယ်ရှားနိုင်သူ၊ မှန်တဲ့စကားကိုအမှန်အတိုင်းပြောဆိုတတ်သူ၊ အမျက်ဒေါသကိုထိန်းသိမ်းဖယ်ရှားနိုင်သူတွေဖြစ်ပါတယ်။ ဒီအချက်တွေ လိုက်နာကျင့်ကြံသူတွေကိုတော့ လူတော်လူကောင်းတွေအဖြစ် သတ်မှတ်ကြပါတယ်။

အများကောင်းကျိုးချမ်းသာပေးစွမ်းနိုင်တဲ့ လူတော်လူကောင်းတွေရှိဖို့ကတော့ အခြေခံအကျဆုံးလူ့အဖွဲ့အစည်းဖြစ်တဲ့ မိသားစုကစပြီး ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံတော်အဆင့်ထိ လိုအပ်ပါတယ်။ ဒါ့ပြင်အသင်းအဖွဲ့တွေ၊ ပါတီတွေ၊ ကုမ္ပဏီတွေ၊ ဌာနဆိုင်ရာတွေကအစပြုပြီး နိုင်ငံတော်ထိ ကောင်းကျိုးချမ်းသာတွေဖော်ဆောင်ပေးနိုင်မဲ့ လူတော်လူကောင်းတွေလိုအပ်ပါတယ်။ ကိုယ့်မိသားစုထဲမှာ လူတော်လူကောင်းတစ်ယောက်ရှိနေရင် အဲဒီမိသားစုကောင်းကျိုးချမ်းသာရစေနိုင်ပါတယ်။ အလားတူ နိုင်ငံအတွင်းမှာ လူတော်လူကောင်းတွေများများရှိရင် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှာဖြစ်သလို တိုင်းရင်းသားပြည်သူတွေလဲကောင်းကျိုးတွေခံစားနိုင်မှာဖြစ်ပါတယ်။

**❖အများကောင်းကျိုးချမ်းသာပေးစွမ်းနိုင်တဲ့ လူတော်လူကောင်းတွေရှိဖို့ကတော့ အခြေခံအကျဆုံးလူ့အဖွဲ့အစည်းဖြစ်တဲ့ မိသားစုကစပြီး ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံတော်အဆင့်ထိ လိုအပ်ပါတယ်။ ဒါ့ပြင်အသင်းအဖွဲ့တွေ၊ ပါတီတွေ၊ ကုမ္ပဏီတွေ၊ ဌာနဆိုင်ရာတွေကအစပြုပြီး နိုင်ငံတော်ထိ ကောင်းကျိုးချမ်းသာတွေဖော်ဆောင်ပေးနိုင်မဲ့ လူတော်လူကောင်းတွေလိုအပ်ပါတယ်။ ကိုယ့်မိသားစုထဲမှာ လူတော်လူကောင်းတစ်ယောက်ရှိနေရင် အဲဒီမိသားစုကောင်းကျိုးချမ်းသာရစေနိုင်ပါတယ်။❖**

ကောင်းတဲ့လူတော်လူကောင်းတွေရှိသလို လူညံ့တွေ၊ မကောင်းတဲ့လူတွေလဲရှိနေပါတယ်။ အဲဒီမကောင်းတဲ့လူအမျိုးအစားတွေထဲမှာ အကျင့်အလွန်ယုတ်သောသူဆိုတဲ့ လူယုတ်မာက အဆိုးဆုံးပါပဲ။ လူဆိုး၊ လူမိုက်၊ လူလိမ်၊ လူပွေ၊ လူရှုပ်တွေထက် လူယုတ်မာက ပတ်ဝန်းကျင်ရဲ့ကောင်းကျိုးတွေကို ယုတ်ညံ့တဲ့စိတ်ဓာတ်နဲ့ ဖျက်ဆီးတတ်တာမို့ ပတ်ဝန်းကျင်ကိုပိုပြီးထိခိုက်စေပါတယ်။ အန္တရာယ်ဖြစ်စေပါတယ်။ လူယုတ်မာနဲ့ပတ်သက်ပြီး ယခုအခါ လူလည်းဖြစ်လာ၊ သာသနာလည်းထွန်းခိုက်၊ အမြိုက်တရား၊ ဟောကြားမည့်သူ၊ လူလည်းမရှား၊ သို့ပါလျက်သားနှင့်မူ၊ တရားမလိုက်၊ အမှားကိုကြိုက်ကြလျှင်၊ အမိုက်တကာ့ဗိုလ်မင်း၊ အဖျင်းတကာ့ဗိုလ်ချုပ်၊ အပယ်လေးလီ၊ မြစ်နဒီတွင်၊ ပလုံစီမြုပ်လို့လူယုတ်ကြီးတွေဖြစ်လိမ့်မယ်လို့ စလေဦးပုညရဲ့ယုန်မင်းဝတ္ထုမှာ လေ့လာမှတ်သားဖူးပါတယ်။

မျက်မှောက်လောကကြီးမှာ လူသားတွေခံစားနေကြရတဲ့အခြေအနေတွေရဲ့ အကြောင်းရင်းကတော့ လူတော်လူကောင်းတွေရှားပါးနေခြင်းကြောင့်ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ လူတော်လူကောင်းတွေရှားပါးတော့ လူညံ့လူယုတ်မာတွေက နေရာယူလာကြပါတယ်။ သူတို့နေရာရလာရင် သူတို့အကျိုးကိုရှေ့တန်းတင်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဇာတ်လမ်းတွေခင်းကြတော့ အများစုဖြစ်တဲ့ ပြည်သူတွေက ဆင်းရဲဒုက္ခတွေကိုခံစားကြရပြီး နိုင်ငံတော်ကိုပါ အန္တရာယ်ပေးတော့တာလက်တွေ့ပါပဲ။

လူတော်လူကောင်းတွေဟာ ကိုယ်ကျင့်တရားကောင်းသူ (သီလစောင့်ထိန်းသူ) တွေဟာ သုစရိုက်တရား ၁၀ ပါးကို လိုက်နာကျင့်ကြံသူတွေဖြစ်သလို ဆန့်ကျင်ဘက်ဖြစ်တဲ့လူညံ့လူယုတ်မာတွေက ဒုစရိုက်တရား ၁၀ ပါးကို ကျင့်သုံးနေသူတွေဖြစ်ပါတယ်။

မကောင်းမှုပြုသူဟာ သူပြုလိုက်တဲ့စေတနာကံကြောင့် မကောင်းတဲ့အကျိုးတွေကို ဧကန်မုချခံစားမှာဖြစ်တဲ့အပြင် အပြုခံရတဲ့သူတွေကလဲ မဖြစ်သင့်မဖြစ်ထိုက်တာတွေကို ခံစားကြရပါမယ်။ ဒါကြောင့် ပတ်ဝန်းကျင်နဲ့ဆက်ဆံတဲ့အခါမှာ လူတော်လူကောင်းတွေကို ရွေးချယ်ပေါင်းဖော်တတ်ဖို့လိုပါတယ်။ လူယုတ်မာတွေနဲ့မပေါင်းသင်းမိအောင် ဆင်ခြင်နေထိုင်ကြဖို့လိုအပ်ပါတယ်။ မှန်ကန်အောင်ရွေးချယ်ပေါင်းဖော်နိုင်တာက ကိုယ့်အတွက် ကောင်းကျိုးချမ်းသာကိုရရှိစေမှာဖြစ်ပါတယ်။

လူသားတိုင်းဟာ အသက်ရှင်ရပ်တည်နေချိန်မှာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့တည်ငြိမ်အေးချမ်းတဲ့ဘဝတစ်ခုကို တည်ဆောက်နေထိုင်လိုကြသူတွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဦးတစ်ယောက်တည်းနေထိုင်လို့မရတဲ့လူ့လောကထဲမှာ ပတ်ဝန်းကျင်ဆိုတာကိုမဖြစ်မနေထိတွေ့ပေါင်းသင်းဆက်ဆံနေထိုင်နေကြရတော့ လူညံ့၊ လူယုတ်မာတွေကိုရှောင်ရှားပြီး ကိုယ့်အတွက်ကော အများအတွက်ပါ ကောင်းကျိုးဖော်ဆောင်ပေးနိုင်မဲ့လူတော်လူကောင်းတွေကို ရွေးချယ်ပေါင်းသင်းကြရပါမယ်။ ကိုယ်တိုင်ကလဲ လူညံ့၊ လူယုတ်မာမဖြစ်အောင်၊ လူတော်လူကောင်းဖြစ်အောင် ကျင့်ကြံကြိုးစားနေထိုင်ရပါမယ်။ ကိုယ့်ပတ်ဝန်းကျင်နဲ့မျိုးဆက်သစ်တွေကိုလဲ လူတော်လူကောင်းတွေဖြစ်လာအောင် တတ်စွမ်းသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြပါစေလို့ ရေးသားလိုက်ရပါတယ်။

**ကိုးကား**

**-ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ သူတော်ကောင်းတို့၏ စိတ်နေသဘောထားတရားတော်။**

**-မှတ်အပ်၊ မှတ်ရာ၊ မှတ်ရပဒေသာသုမှတ်ရဆဋ္ဌမအကြိမ်၊ ၂၀၁၈ ဇွန်။**

# ဆန်ဒီယေဂိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွား



**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင် ဇန်နဝါရီ ၂၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူ မော်တော်ယာဉ်တချို့မျောပါ ပျက်စီးသွားခဲ့ပြီး မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ဒေသခံတချို့ကို အရေးပေါ်အခြေအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ မိုးရေချိန်သည် တစ်နာရီလျှင် သုည ဒသမ ငါးလက်မခန့်ထိ ရွာသွန်းနေခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေစီးကြောင့်ပျက်စီးခဲ့သည့် မော်တော်ယာဉ်အစီးရေများပြားခဲ့ကြောင်း သိရသည်။

“ဆန်ဒီယေဂိုမြို့မှာ ဇန်နဝါရီ ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာလဲ တစ်နာရီကို သုည ဒသမ ငါးလက်မလောက်ထိ မြင့်တက်ခဲ့ပါတယ်။ မိုးရေချိန်မြင့်မားခဲ့တဲ့အတွက် အချိန်တိုအတွင်းရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒေသခံတချို့ကိုလဲ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရတယ်။ အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးခဲ့ပြီး ရေလွှမ်းမှုကြောင့် လမ်းမကြီးတချို့လဲပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပါတယ်”ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မြေထဲပင်လယ်အတွင်း နှစ်စဉ် ပလတ်စတစ်အမှိုက် ၂၂၉၄၆၅ တန် ဝင်ရောက်လျက်ရှိ

**အင်ကာရာ ဇန်နဝါရီ ၂၄**

မြေထဲပင်လယ်ဒေသသည် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ဖြင့်ရင်ဆိုင်နေရပြီး နှစ်စဉ် ပလတ်စတစ်အမှိုက် ၂၂၉၄၆၅ တန် ဝင်ရောက်လျက်ရှိကြောင်း တူရကီယဲနိုင်ငံအခြေစိုက် အရှေ့အလယ်ပိုင်းနည်းပညာတက္ကသိုလ် ရေကြောင်းသိပ္ပံဌာနမှ ပါမောက္ခဒေါက်တာ အာမက်ခ်ီဒီက ပြောကြားခဲ့သည်ဟု ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

မြေထဲပင်လယ်ဒေသသည် ကမ္ဘာတစ်ဝန်းရှိ အခြားပင်လယ်များနှင့် နှိုင်းယှဉ်ပါက ညစ်ညမ်းမှုအဆင့်တိုးမြင့်လာလျက်ရှိပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာ့အကျပ်အတည်းတစ်ခုဖြစ်လာနေကြောင်း အာမက်ခ်ီဒီက မီးမောင်းထိုးပြခဲ့ပြီး မြေထဲပင်လယ်၏ ပလတ်စတစ်ညစ်ညမ်းမှုသည် စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်နေကြောင်းကို ကိန်းဂဏန်း အချက်အလက်များဖြင့် ရှင်းလင်းပြသခဲ့သည်။

“မြေထဲပင်လယ်ထဲကို နှစ်စဉ် ပလတ်စတစ် ပျမ်းမျှဝင်ရောက်မှုအနေနဲ့ တစ်နှစ်ကို ၂၂၉၄၆၅ တန် ဝင်ရောက်လျက်ရှိပြီး ၉၉ ရာခိုင်နှုန်းလောက်က ပင်လယ်ပြင်ထဲမှာ ပြန့်ကျဲနေပါတယ်”ဟု ပါမောက္ခ ဒေါက်တာ အာမက်ခ်ီဒီက ပြောကြားခဲ့သည်။



အဆိုပါပလတ်စတစ်များသည် အီဂျစ်နိုင်ငံ နိုင်းမြစ်မှစီးဝင်သော ပလတ်စတစ်တန်ချိန် ၅၅၀၀၀ အပါအဝင် နှစ်စဉ် ၇၄၀၇၁ တန် စီးဝင်လျက်ရှိပြီး အီတလီ၊ တူရကီယဲ၊ အယ်လ်ဂျီးရီးယားနှင့် အယ်လ်ဘေးနီးယားနိုင်ငံတို့မှလည်း သိသိသာသာ ပလတ်စတစ်များဝင်ရောက်လျက်ရှိကြောင်း သိရသည်။

တူရကီယဲတစ်နိုင်ငံတည်းကပင်လျှင် ကမ်းခြေများတွင် စုနေသော ပလတ်စတစ်ပမာဏသည် တစ်စတုရန်းကီလိုမီတာလျှင် ၃၇၄ ကီလိုဂရမ်ရှိနေကြောင်း၊ ၁၀ မိုက်ခရိုဂရမ်အောက်သေးငယ်သော မိုက်ခရိုပလတ်စတစ်များသည် အစားအစာကွင်းဆက်အတွင်းသို့ မထင်မှတ်ဘဲဝင်ရောက်လာခြင်းက သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်သည့်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အရေးတကြီးလိုအပ်လျက်ရှိကြောင်း ပါမောက္ခ ဒေါက်တာအာမက်ခ်ီဒီက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# စကော့တလန်နိုင်ငံတွင် အိုင်ရှာဆိုင်ကလုန်းမုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲနေ

**အီဒင်ဘတ် ဇန်နဝါရီ ၂၄**

စကော့တလန်နိုင်ငံတွင် အိုင်ရှာဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဇန်နဝါရီ ၂၂ ရက်က ဝင်ရောက်တိုက်ခတ်ပြီး သစ်ပင်ကြီးများလဲကျကာ ရေလွှမ်းမိုးမှုကြောင့် လျှပ်စစ်မီးပြတ်တောက်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲနေကြောင်း စကော့တလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

အိုင်ရှာ ဆိုင်ကလုန်းမုန်တိုင်းဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ စကော့တလန်နိုင်ငံမှဖြစ်ပြီး အိုင်ရှာဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၉၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး ရေလွှမ်းမိုးမှုကြောင့် မီးရထားခရီးစဉ်အားလုံးကို ရပ်ဆိုင်းထားကြောင်း၊ ထို့ပြင် ဂလက်စဂေါမြို့နှင့် အီဒင်ဘတ်မြို့တို့တွင် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားပြီး လေယာဉ်ကွင်းများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

“အိုင်ရှာဆိုင်ကလုန်းမုန်တိုင်းကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍက အခြေခံအဆောက်အအုံတချို့ပျက်စီးသွားခဲ့တယ်။ အထူးသဖြင့် ရထားလမ်းပိုင်းတွေ ပျက်စီးခဲ့တဲ့အတွက် လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေ၊ ပြင်ဆင်မှုတွေ ပြုလုပ်ပြီးသွားမှ မီးရထားခရီးစဉ်တွေကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ အီဒင်ဘတ်နဲ့ ဂလက်စဂေါတို့မှာလဲ လေတိုက်နှုန်း ပြင်းထန်နေတဲ့အတွက် လေကြောင်းခရီးစဉ်တွေကို ယာယီဆိုင်းငံ့ထားရပါတယ်။ မိုးလေဝသအခြေအနေ တည်ငြိမ်သွားမှ လေကြောင်းခရီးစဉ်တွေကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်”ဟု စကော့တလန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံတောင်ဘက်ပိုင်းဒေသများတွင်လည်း အိုင်ရှာဆိုင်ကလုန်းမုန်တိုင်းကြောင့် မီးရထားခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ခဲ့ရပြီး ဂက်ဝစ်ခ်လေဆိပ်မှ လေကြောင်းခရီးစဉ်များကိုလည်း ယာယီဆိုင်းငံ့ထားရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဆိုမာလီယာနိုင်ငံ အရှေ့ဘက်ပိုင်းတွင် သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်နေ

**ဖရီးတောင်း ဇန်နဝါရီ ၂၄**

အနောက်အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဆီယာရာလီယွန်နိုင်ငံ အရှေ့ဘက်ပိုင်းတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်နေကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

United Nations World Food Programme (WFP) ၏ စစ်တမ်းများအရ သစ်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ဆီယာရာလီယွန်နိုင်ငံ အရှေ့ဘက်ပိုင်းတွင် သစ်တောကြိုးဝိုင်း ဟက်တာ ၁၈၀၀၀ ထိ ပျက်စီးဆုံးရှုံးခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အခက်အခဲရှိလာနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ WFP အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ ဆီယာရာလီယွန်နိုင်ငံ၏ သစ်တောပြုန်းတီးမှုနှင့်ပတ်သက်ပြီး စစ်တမ်းများကောက်ယူခဲ့ရာ ဆီယာရာလီယွန်နိုင်ငံအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် တရားဝင် သစ်ထုတ်လုပ်မှုလုပ်ကွက်များ များပြားခြင်းကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

“သစ်တောကြိုးဝိုင်းတွေ ပြုန်းတီးမှုဖြစ်ပေါ်နေတာကို ထိန်းချုပ်နိုင်ဖို့ လိုအပ်နေတယ်။ သစ်တောကြိုးဝိုင်းပြုန်းတီးမှုတွေကို မထိန်းချုပ်နိုင်ရင် သစ်တောကြိုးဝိုင်းတွေဝန်းရံထားတဲ့မြို့တွေ၊ ကျွန်းဆွယ်တွေမှာ သဘာဝဘေးအန္တရာယ်တွေဖြစ်ပေါ်မှုနှုန်း မြင့်တက်လာနိုင်တယ်။ သစ်တောကြိုးဝိုင်းပြုန်းတီးမှုထိန်းချုပ်ရေးအတွက် ခိုင်မာတဲ့မူဝါဒတွေချမှတ်ဖို့ကလဲ နိုင်ငံအတွင်း ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်နေတယ်”ဟု ဆီယာရာလီယွန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဂျိုဝိုအဘ်ဒူလိုင်က ပြောကြားခဲ့သည်။

ပျက်စီးပြုန်းတီးခဲ့သော သစ်တောကြိုးဝိုင်းပမာဏမှာ ဆီယာရာလီယွန်နိုင်ငံ အရှေ့ဘက်ပိုင်းရှိ သစ်တောကြိုးဝိုင်းပမာဏစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းထိဖြစ်နေကြောင်း၊ သစ်တောပြုန်းတီးမှုဖြစ်ပေါ်နေသော ဧရိယာအနီးတွင် ဖရီးတောင်းမြို့ တည်ရှိနေပြီး အဆိုပါမြို့သည် သစ်တောကြိုးဝိုင်းများ ဝန်းရံထားသည့်မြို့ငယ်ဖြစ်သလို သစ်တောကြိုးဝိုင်းများပြုန်းတီးမှုကြောင့် တောင်ပြိုကျမှုမကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အီတလီနိုင်ငံတွင် လျှပ်စစ်စွမ်းအင်ဖြန့်ဝေပေးနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးလာ

**ရောမ ဇန်နဝါရီ ၂၄**

အီတလီနိုင်ငံတွင် ပြည်သူများကို လုံလောက်သည့်လျှပ်စစ်စွမ်းအင်ဖြန့်ဝေပေးနိုင်ရန် အခက်အခဲများ ရှိလာသည့်အတွက် အီတလီအစိုးရက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးမြှင့် အကောင်အထည်ဖော်ခဲ့ရာမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးလာကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့်ပြဿနာကြောင့် စိုက်ပျိုးရေးကဏ္ဍအပြင် ကဏ္ဍအသီးသီးတွင် အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း အကျိုးအမြတ်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အကောင်အထည်ဖော်နိုင်မှု မြင့်တက်လာခဲ့ကြောင်း၊ မိုးခေါင်သည့်ပြဿနာဖြင့် ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍမှလျော့ကျခဲ့သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ပြန်လည်ဖာထေးလာနိုင်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက်လည်း အကျိုးအမြတ်ရှိလာကြောင်း သိရသည်။

“အီတလီနိုင်ငံဟာ ဆိုလာစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်မှုနှုန်း မြင့်တက်လာတဲ့အတွက် မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကြောင့် လိုအပ်ချက်ရှိလာတဲ့ စွမ်းအင်ပမာဏကို ဖာထေးလာနိုင်တယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကိုအကောင်အထည်ဖော်နိုင်ဖို့အတွက် နှောင့်နှေးနေတဲ့ အီတလီနိုင်ငံဟာ အခုဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍက သိသိသာသာ တိုးတက်ပြောင်းလဲလာတယ်။ ဒါပေမဲ့ ၂၀၃၀ ပြည့်နှစ်အရောက်မှာ နိုင်ငံအတွင်းလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ၇၀ ရာခိုင်နှုန်းထိထုတ်လုပ်နိုင်ရေး ရည်မှန်းချက်အတွက်ကတော့ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်”ဟု အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့အစည်း(Ember) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# လောဘနွံ ကျွံသူ၏အပြစ်

ရွှေသာ(ရွာတန်းရှည်)



(၁)

လရောင်သည် မပီဝိုးတဝါးဖြာကျနေ၏။ ပုရစ်များ၏အော်သံသည် ဆောင်းလေနှင့်အတူ ဟိုမှသည်မှ ပေါ်လာသည်။ ကိုလှဆောင်သည် ချမ်းစိမ့်စိမ့်ဖြစ်လာသောကြောင့် ပက်လက်ကုလားထိုင်နောက်မှီတွင်တင်ထားသော ပုဆိုးတစ်ထည်ကိုယူ၍ ခြုံလိုက်သည်။ အေးစက်နေသော ရေနွေးတစ်ခွက်ကိုငုံရင်း ကောင်းကင်ကိုမော့ကြည့်လိုက်၏။ ကြယ်များသည် ကောင်းကင်တစ်ခုလုံး နေရာယူထားသည်ကို တွေ့ရသည်။ အချို့ကြယ်များသည် လင်းလက်တောက်ပနေသော်လည်း အချို့ကြယ်များ၏ အလင်းရောင်သည် မှိန်ပျပျသာရှိလေသည်။ ကြယ်ချင်းတူသော်လည်း အလင်းရောင်ချင်းမတူပေ။ ဘဝချင်းတူသော်လည်း အဆင့်ချင်းမတူပါလားဟု ကိုလှဆောင်တွေးလိုက်မိသောကြောင့် မချိပြုံး ပြုံးလိုက်သည်။

"ကိုလှဆောင် ရှင် မအိပ်သေးဘူးလား"

ကိုလှဆောင်သည် ဆေးပေါ့လိပ်ကို ဖွာလိုက်ရင်း ဇနီးဖြစ်သူ မလှဒွေးကို ခေါင်းယမ်းပြလိုက်သည်။

"အိပ်တော့လေ ကိုလှဆောင် ဘယ်အချိန်ရှိပြီလဲ"

ကိုလှဆောင်သည် အနားရောက်လာသော မလှဒွေးကို ကြည့်လိုက်သည်။ မလှဒွေး၏ မျက်နှာမှ မျက်ရည်စများကို လရောင်ကြားမှာတွေ့လိုက်ရသည်။

"သန်းခေါင်ကြက်တောင် တွန်နေပြီကိုလှဆောင်။ အချိန်မနည်းတော့ဘူး"

"အေးပါကွာ ငါသိပါတယ်။ နင်သာ အိပ်ပျော်အောင်အိပ်"

"မအိပ်နိုင်ပါဘူးကိုလှဆောင်ရယ်။ ကျုပ်သမီးလေး အိမ်ပြန်မရောက်မချင်း ကျုပ် အိပ်ပျော်မှာမဟုတ်ပါဘူး"

ရှိုက်သံတစ်ဝက် ငိုသံတစ်ဝက်ဖြင့်ပြောလိုက်သော မလှဒွေး၏စကားကြောင့် ကိုလှဆောင်ရင်ထဲနာကျင်စွာ ခံစားလိုက်ရသည်။

"အေးပါကွာ ရန်ကုန်ကိုလိုက်သွားပြီး နင့်သမီးကို ငါပြန်ခေါ်ခဲ့ပါ့မယ်။ ကဲ ကဲ အိမ်ထဲဝင်တော့ အပြင်မှာက တအားအေးတယ်"

"ကျုပ်အတွက်က အရေးမကြီးဘူး ကိုလှဆောင်။ ရှင်က ကျန်းမာရေးကောင်းသေးတာမဟုတ်ဘူး"

ပြောပြောဆိုဆိုပင် မလှဒွေးသည် အိမ်ထဲသို့ဝင်သွားလေသည်။

"ခွင့်လွှတ်ပါ သမီးရယ်။ အဖေတို့ ဖုန်းဝယ်မပေးနိုင်လို့ သမီးရန်ကုန်ကိုလိုက်သွားရတာ အဖေသိပါတယ်"

တီးတိုးရေရွတ်လိုက်သည့်ကိုလှဆောင်၏ အသံသည် အေးစက်၍ခြောက်ကပ်နေ၏။ ဇနီးဖြစ်သူနှင့် သမီးဖြစ်သူမိနှောင်းတို့၏ ပြောစကားများကလည်း ကိုလှဆောင်၏နားထဲသို့ ဝင်ရောက်လာပြန်သည်။

"အမေရယ် သမီးလဲ ဖုန်းလေးတစ်လုံးတော့ ကိုင်ချင်တယ်။ ဒီနှစ်စပါးရိတ်ပြီးရင် ရတဲ့လုပ်အားခလေးနဲ့ ဖုန်းဝယ်မယ်နော်အမေ"

"ဟဲ့ ညည်းအဖေကလဲ ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး။ ဆေးဖိုးလုပ်ရအုံးမယ်။ ညည်းအဖေနေကောင်းမှ အမေဝယ်ပေးမယ်"

"အမေကလဲ ပြောပြန်ပြီ။ တစ်ခါလာလဲ အမေဝယ်ပေးမယ် အမေဝယ်ပေးမယ်နဲ့"

"ဩော်. . . သမီးရယ် ညည်းအဖေအလုပ်မလုပ်နိုင်သေးတော့ အမေရတဲ့နေ့စားခလေးကလဲ ညည်းအဖေ ဆေးဖိုးခနဲ့ပဲကုန်နေတာ သမီးသိတဲ့အတိုင်းပဲ မဟုတ်လား"

ကိုလှဆောင်သည် အသက် ၄၀ကျော်မှသာ အိမ်ထောင်ကျပြီး သမီးမိန်းကလေးတစ်ယောက် ထွန်းကားခဲ့သည်။ ထို့ကြောင့် သမီးလေးနာမည်ကို မိနှောင်းလို့သာ အလွယ်တကူပေး ထားလိုက်၏။ ယခု မိနှောင်း၏အသက်ပင် ၁၈နှစ်ပြည့်ခဲ့ပြီ။ မိနှောင်းသည် ရွာအနောက်ပိုင်းမှ ရန်ကုန်တွင်နေသည့် အပျိုကြီး မြသွေးနှင့်အတူ တောင်ဥက္ကလာပဘက်ကို အလုပ်လုပ်မည်ဟုဆိုကာ လိုက်သွားခြင်းဖြစ်သည်။ မြသွေးသည် ရွာမှတက်၍ ရန်ကုန်တွင် အလုပ်လုပ်နေသည်မှာငါးနှစ်ခန့်ရှိလေပြီ။ ရွာကိုအလည်လာခိုက် မိနှောင်းနှင့်တွေ့ကာခေါ်သွားခြင်းဖြစ်သည်။ သမီးတစ်ယောက်သာရှိသော်လည်း သမီးလေး၏အနာဂတ်အရေးဖြစ်သည့်အတွက် ကိုလှဆောင်တို့ လင်မယားနှစ်ယောက် မထည့်ချင်ဘဲ ထည့်လိုက်ရသည်။

(၂)

မိနှောင်း အဖေနှင့်အမေကိုသတိရသည်။ တောင်ဥက္ကလာပရောက်နေသည်မှာလည်း ငါးရက်ရှိပြီ။ ရန်ကုန်ရောက်လျှင် ရောက်ရောက်ချင်းအလုပ်လုပ်ရမည်ဟုပြော၍သာ မိနှောင်းလိုက်လာခြင်းဖြစ်သည်။ အလုပ်မရသေးသည့်အခါ မိနှောင်းစိတ်ညစ်လာသည်။ ရွာမှာလို ကွင်းပြင်ကျယ်ကြီးထဲတွင် လွတ်လွတ်လပ်လပ်နေခွင့်မရ။ ခြောက်ပေပတ်လည်မျှသာရှိသော အခန်းကျဉ်းလေးထဲတွင် မြသွေးနှင့်အတူ နှစ်ယောက်နေရသည်။ စားလည်း သည်အခန်း၊ အိပ်လည်း သည်အခန်းဆိုတော့ မိနှောင်းနေချင်စိတ်မရှိတော့။ ရွာကိုသာ ပြန်ချင်သည်။

"မမြသွေး အလုပ်ရှာလို့မရသေးရင်လဲ ကျုပ်ရွာကိုပဲ ပြန်တော့မယ်"

"ဖြစ်မလားအေ့။ ငါက ညည်းကိုပြန်လွှတ်လိုက်ရင် ရွာကလူတွေက ငါ့ကိုအပြစ်ပြောကြမှာ"

"ဖြစ်ပါတယ် မမြသွေးရဲ့။ ကျုပ် ရွာကို ကောင်းကောင်းမွန်မွန်ပြန်တတ်ပါတယ်"

"မဖြစ်ပါဘူးအေ။ လမ်းမှာတစ်ခုခုဖြစ်ရင် မလွယ်ဘူး။ ငါလိုက်ပို့ရအောင်ကလဲ အလုပ်ပြန်ဝင်တာ အခုမှ သုံးရက်ပဲရှိသေးတာ။ ခဏခဏခွင့်ယူလို့မရဘူးအေ့။ ညည်း တကယ်မနေချင်တော့လို့ ပြန်ချင်တယ်ဆိုရင်လဲ ဈေးပိတ်တဲ့ တနင်္ဂနွေနေ့ထိစောင့်"

မြသွေးသည် နန္ဒဝန်ဈေးတွင် အလှကုန် ရောင်းသည့်ဆိုင်တစ်ဆိုင်၌ ဈေးဝိုင်းရောင်းရသည့်အလုပ်လုပ်သည်။ ထိုဆိုင်၌ပင် လူလိုနေသည့်အတွက် မိနှောင်းကိုခေါ်လာခြင်းဖြစ်သော်လည်း မြသွေးတို့ပြန်ရောက်လာသည့်အခါ အလုပ်သမားအသစ်ခေါ်ထားပြီးဖြစ်သောကြောင့် အခြားအလုပ်ကို ရှာနေရခြင်းဖြစ်သည်။

"တစ်ပတ် ၁၀ရက်နေရင်တော့ ငါလုပ်နေတဲ့ နန္ဒဝန်ဈေးထဲမှာပဲ အလုပ်ရမယ်အေ။ ညည်း အဲဒီထိစောင့်မယ်ဆိုရင်တော့ သေချာပေါက်ရမှာပဲ"

"မစောင့်တော့ဘူး မမြသွေး။ ကျုပ် ရန်ကုန်မှာလဲ မပျော်ဘူး။ နေလဲမနေတတ်ဘူး။ ကျုပ် ရွာကိုပဲ ပြန်ချင်တယ်"

"အေးလေ ညည်းသဘောပဲ။ ငါလဲ တတ်နိုင်သလောက်ရှာပေးတာပဲ။ လာမဲ့ တနင်္ဂနွေနေ့ကျရင် ငါလိုက်ပို့မယ်"

ထိုညက မိနှောင်းညဉ့်နက်သည်ထိအိပ်မပျော်နိုင်။ မြန်မြန်မိုးလင်းပါစေဟုသာ ဆုတောင်းနေသည်။

(၃)

မိနှောင်းသည် အိတ်လေးကိုဆွဲကာ ထွက်လာခဲ့၏။ အခန်းသော့ကိုပိတ်၍ မြသွေးသိနိုင်သည့်လျှို့ဝှက်နေရာကိုထားခဲ့သည်။ ရွာကိုပြန်သွားကြောင်း စိတ်မပူရန်လည်း စာရေးထားခဲ့သည်။

ပင်းယမှတ်တိုင်မှ ဆူးလေကိုရောက်သည့် ၂၀၇ ကားကို တက်လိုက်သည်။ မိနှောင်းသည် ထိုင်ခုံလွတ်တစ်ခုကိုရသည်နှင့် ဝင်ထိုင်လိုက်၏။ မိနှောင်း၏ဘေးတွင် အသက် ၃၀ အရွယ်အမျိုးသားတစ်ယောက်ထိုင်နေသည်။ ထိုသူသည် မိနှောင်းကိုကြည့်၍ ပြုံးပြသည်။ မိနှောင်းကြားဖူးနားဝရှိသည့် လူကြီးသူမတို့၏စကားကို သတိရလိုက်သည်။ ခရီးသွားရင်း ကိုယ်နှင့်မသိသည့် သူစိမ်းလူကိုမယုံရဘူးဟု ပြောသံကြားဖူးသည်။ ထို့ကြောင့် မိနှောင်းခပ်တည်တည်ပဲနေလိုက်သည်။ ဆူးလေမှတ်တိုင်ရောက်သည့်အခါ မိနှောင်းကားပေါ်မှ ဆင်းလိုက်သည်။ မြို့တော်ခန်းမရှေ့မှ ကမ်းနားဘက်ကို လမ်းလျှောက်လာခဲ့သည်။ မဟာဗန္ဓုလပန်းခြံရှေ့အရောက်တွင်-

"ညီမလေး ခဏ ခဏ"

မိနှောင်း နောက်ကိုလှည့်ကြည့်လိုက်သည်။ စောစောက ကားပေါ်မှာ အတူတူထိုင်ခဲ့သည့် လူဖြစ်နေသောကြောင့် မိနှောင်းအံ့ဩသွားရသလို ရင်လည်းထိတ်သွားသည်။

"ဒါ ညီမလေးပစ္စည်းမဟုတ်လား"

"မဟုတ်ဘူးတော့"

မိနှောင်းသည် စကားကိုတိုတိုတုတ်တုတ်ပြောကာ ကြောက်စိတ်ဖြင့် ရှေ့ကိုမြန်မြန်လျှောက်လိုက်သည်။

"ဟုတ်ပါတယ် ဒါညီမပစ္စည်းပါ။ ကားပေါ်မှာ ညီမမေ့ကျန်ခဲ့တာ အစ်ကိုတွေ့လို့ ရော့ ရော့"

"ဟင့်အင်း မဟုတ်ဘူး။ မဟုတ်ဘူး"

သူစိမ်းလူသည် မိနှောင်းမယူသည့်အခါ လက်ကိုဆွဲ၍ ပေးပြန်သည်။

"ယူပါ ဒါ ညီမပစ္စည်းမှ ညီမပစ္စည်း။ ဟုတ် မဟုတ် ဖွင့်ကြည့်ပါအုံး"

ထိုသူသည် မိနှောင်းလက်ထဲသို့ ပိုက်ဆံအိတ်တစ်အိတ်ကိုအတင်းထည့်၍ ဖွင့်ကြည့်ခိုင်းနေသောကြောင့် မိနှောင်းစိတ်နည်းနည်းတွေဝေသွားသည်။

"ညီမအိတ်ထဲမှာ ဖုန်းလားမသိဘူး ပါတယ်"

ဖုန်းဆိုသည့်အသံကိုကြားလိုက်ရသည့် မိနှောင်းသည် ဖြစ်ချင်ရာဖြစ်ဆုံးဖြတ်၍ အိတ်ကိုဖွင့်ကြည့်လိုက်သည်။ မိနှောင်းမျက်လုံးများ ပြူးသွားရသည်။ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံအနည်းငယ်ဖြင့် ဖုန်းတစ်လုံးကိုတွေ့လိုက်ရသည်။

"ညီမအိတ် ဟုတ်တယ်မဟုတ်လား"

"ဟုတ် ဟုတ် ဟုတ်ပါတယ်"

"အဲဒါ အစ်ကိုလိုသူတော်ကောင်းနဲ့တွေ့လို့ ညီမအိတ်ပြန်ရတာ ကံကောင်းသွားတယ်လို့မှတ်"

"အစက ညီမဟာမဟုတ်ဘူးလို့ထင်နေတာ။ အခြားသူတွေဟာများဖြစ်နေမလားဆိုပြီး စဉ်းစားသေးတယ်။ ဒါပေမဲ့ ထိုင်ခုံပေါ်ကတွေ့တာဆိုတော့ ညီမဟာပဲဖြစ်ရမယ်ထင်လို့ ကားပေါ်ကဆင်းပြီးလိုက်ပေးတာ"

"ဟုတ် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်တော်"

"ကျေးဇူးတင်ရင် ပါးစပ်နဲ့တင်မရဘူးလေ။ မိတ်ဖြစ်ဆွေဖြစ် လက်ဖက်ရည်လေးတော့ တိုက်ခဲ့ပါအုံးလား ညီမရယ်"

သူစိမ်းလူ၏စကားကြောင့် မိနှောင်းစဉ်းစားရခက်သည်။ လူလိမ်များ ဖြစ်နေမလားဟု တွေးမိသော်လည်း ပိုက်ဆံအိတ်နှင့် ဖုန်းတစ်လုံးကိုတောင် ပိုင်ရှင်ကိုရှာပြီး ပြန်ပေးမှတော့ သည်လောက်တော့ လိုက်လျောမည်ဟု မိနှောင်းဆုံးဖြတ်လိုက်သည်။ ထိုသူစိမ်းလူကိုလည်း မိနှောင်း ကျေးဇူးတင်သည်။ မိနှောင်း ဖုန်းကိုင်ရတော့မည်မဟုတ်လား။ မိနှောင်းသည် အိတ်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ပျော်နေသည်။

"ဘယ်လိုလဲ လက်ဖက်ရည်တောင် မတိုက်နိုင်တော့ဘူးလား"

"ဩော်. . . ဟုတ် ဟုတ် ရပါတယ်တော်"

မိနှောင်းတို့နှစ်ယောက် ကမ်းနားလမ်းဘက်ကို လျှောက်လာခဲ့ကြသည်။ အနီး၌ရှိသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်လိုက်ကြသည်။ မိနှောင်းသည် လက်ဖက်ရည်ဆိုင်ကိုမထိုင်ဖူးသလို အခြားသူစိမ်းယောကျ်ားတစ်ယောက်နှင့်လည်း မိဘမျက်ကွယ်ရာ၌ ယခုလိုနီးနီးကပ်ကပ် တစ်ခါမှ မနေဖူးခဲ့။ ရွာကလူတစ်ယောက်ယောက် မြင်သွားလျှင် အထင်လွဲဦးမည်ဟုအတွေးဖြင့် လက်ဖက်ရည်တစ်ခွက်ကို ခပ်မြန်မြန်သောက်လိုက်သည်။

လက်ဖက်ရည်သောက်ပြီး ခဏအကြာတွင် မိနှောင်းခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသည်။ မိနှောင်းသည် လက်မနှစ်ချောင်းဖြင့် နားထင်နှစ်ဖက်ကို နှိပ်လိုက်သည်။

"ညီမ ဘာဖြစ်လို့လဲ"

လူစိမ်း၏စကားကို မိနှောင်းပြန်မဖြေနိုင်။ အမြင်

စာမျက်နှာ ၂၅သို့ ➤

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၉၂၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၉၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၅၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၉၂၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၇၉၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၇၅ ဧကနှင့် ဖူးစားပြောင်းဧက ၅၇၅၀ စုစုပေါင်း ၇၉၂၅ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၈၁ ဧကနှင့် ဖူးစားပြောင်း ၆၃၃၅ ဧက စုစုပေါင်း ၈၅၁၆ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄မှအဆက်

အာရုံသည် တဖြည်းဖြည်းဝါးလာသည်။ အသိအာရုံ၌လည်း မမြင်ဖူး၊ မရောက်ဖူးသည့် တောအုပ်ကြီးတစ်ခု၌ ရောက်နေသလိုလို ခံစားလိုက်ရသည်။ ဘာမျှမမြင်ရသည့် အမှောင်အမိုက်ထဲမှာ လမ်းလျှောက်နေရသလိုလို။

"ကျွန်တော့်ညီမလေးပါဗျာ။ ကူညီကြပါအုံး။ မူးပြီး သတိမေ့သွားလို့"

လူစိမ်းအသံကို မိနှောင်းကြားနေရသည်။

"မဟုတ်ဘူး မဟုတ်ဘူး"

မိနှောင်း ဖျစ်ညှစ်၍ အားကုန်အော်ပြောလိုက်သော်လည်း မိနှောင်း၏ အသံကိုမည်သူမျှမကြားရ။

"ဟာ ကားငှားလေဗျာ။ ဆေးရုံကိုအမြန်ပို့မှဖြစ်မယ်"

"ကျေးဇူးပါဗျာ။ သူကဒီလိုပဲ ခဏခဏဖြစ်တတ်တယ်"

မိနှောင်းကားရပ်သံကို ကြားရသည်။ လူများဝိုင်းမ၍ ကားပေါ်ကို တင်နေကြသည်ကိုလည်း မိနှောင်းသိသည်။ ရှိသမျှအားကိုစုစည်း၍ မိနှောင်း ရုန်းကန်လိုက်သည်။ သို့သော် မိနှောင်းအာရုံ၌ အသူရာတမျှနက်သော ချောက်ကမ်းပါးကြီးတစ်ခုကို ထပ်တွေ့လိုက်ရပြန်သည်။ မိနှောင်း ကြောက်စိတ်လုံးဝမရှိ။ ထိုချောက်ကမ်းပါးကြီးထဲသို့ ခုန်ချလိုက်တော့သည်။

(၄)

"အား"

"သမီး သမီး ကျုပ်သမီးလေး သတိရလာပြီဆရာမ"

မိနှောင်းမျက်လုံးကိုဖွင့်ကြည့်တော့ ကိုလှဆောင်ကိုတွေ့ရသည်။ ခေါင်းကမူးသလိုလို ဖြစ်နေသေးသည်။ မိနှောင်း ထထိုင်လိုက်သည်။

"ဟင် အဖေ။ အဖေရယ်သမီးအိပ်မက်ဆိုးတွေ မက်နေတာလားမသိဘူး။ အခု သမီးတို့ဘယ်ရောက်နေကြတာလဲ"

"အိပ်မက်မက်နေတာမဟုတ်ဘူး သမီး။ ရန်ကုန်ဆေးရုံကြီးကို ရောက်နေတာ"

"ဘာဖြစ်လို့လဲ အဖေ"

"ခဏနေရင် ဦးလေးသမီး အကုန်ပြန်သတိရလာမှာပါ။ ဘာမှပူမနေပါနဲ့"

အနားမှာစောင့်ကြည့်နေသည့် ဆရာမကြီး၏စကားကြောင့် ကိုလှဆောင် ခေါင်းညိတ်လိုက်သည်။

"သမီး မြသွေးနဲ့ ရန်ကုန်ကိုလိုက်သွားတာ မှတ်မိလား"

"မှတ်မိတယ် အဖေ"

"သမီးအမေက သမီးနဲ့မခွဲနိုင်လို့ပြန်ခေါ်ရမယ်ဆိုလို့ အဖေက သမီးဆီကိုလိုက်လာတာ။ သင်္ဘောပေါ်ကဆင်းပြီး ဆူးလေကားမှတ်တိုင်ကို အသွား လက်ဖက်ရည်ဆိုင်မှာ မိန်းကလေးတစ်ယောက်ကို လူတွေက ကားပေါ်မတင်နေတာတွေ့လို့ကြည့်လိုက်တော့ သမီးဖြစ်နေတယ်။ ဒါနဲ့ ကျုပ်သမီးလေးပါပြောတော့။ လူတစ်ယောက်က သူ့ညီမပါလို့ပြောတယ်။ အဖေလဲ ဘေးလူတွေကိုအကူအညီတောင်းပြီး အဲဒီလူကို ဖမ်းခိုင်းလိုက်တယ်။ အဲဒီအခါကျမှ သူကထွက်ပြေးဖို့လုပ်တာ။ ဘေးလူတွေက သူ့ကို မရမကဖမ်းပြီး ရဲစခန်းကိုဖုန်းဆက်လိုက်ကြတာ"

"သမီး သမီး မှတ်မိလာပြီ အဖေ။ အသက်၃၀လောက်ရှိမယ်ထင်တယ်။ အသားဖြူဖြူအရပ်ရှည်ရှည်နဲ့မဟုတ်လား။ အခု သူဘယ်မှာလဲ"

"စခန်းက ဖမ်းသွားပြီ သမီး။ သူ့အိတ်ထဲက မူးယစ်ဆေးဝါးတွေလဲ တွေ့ရတယ်။ မုဒိမ်းမှုနဲ့ ထောင်လဲကျဖူးတယ်တဲ့ သမီးရယ်။ လူလိမ်တစ်ယောက်ပါ"

ကိုလှဆောင်သည် သမီးကိုရှင်းပြရင်း အသံများတိုးဝင်သွားသည်။

"သမီးရယ် ကံကောင်းလို့သာပေါ့။ အဖေသာ ရွာကတက်မလာရင် သမီးဘဝမတွေးဝံ့အောင်ပဲ"

"သမီးမှားပါတယ်အဖေ။ သမီးသာ လောဘမတက်ရင်၊ ကိုယ့်ပစ္စည်းမဟုတ်ဘဲ မတရားအလကားလိုချင်စိတ်မရှိခဲ့ရင် ဒီလိုအဖြစ်မျိုးရောက်မှာမဟုတ်ဘူး။ သမီးကိုယ့်ကိုယ်ကိုယ်အသိဆုံး၊ သမီးကိုကမှားတာပါအဖေ "

"သမီး ဘာတွေပြောနေတာလဲ အဖေနားမလည်ဘူး"

မိနှောင်းသည် အဖြစ်အပျက်အားလုံးကို အဖေ့ကို ရှင်းပြလိုက်သည်။

"ဆရာမရဲ့တူမလေးတစ်ယောက်လဲ အဲဒီလိုအဖြစ်အပျက်နဲ့ခပ်ဆင်ဆင်ပဲ ကြုံခဲ့ရဖူးတယ်။ ဒီလို လိမ်လည်ဖြားယောင်းမှုတွေက အခုမှရှိတာမဟုတ်ဘူး။ ဟိုအရင်ကထဲက ရှိခဲ့တာ။ အဲဒီလိုလူလိမ်တွေကလဲ ရိုးသားမယ်ထင်တဲ့ အခုလို တောက တက်လာပြီး မြို့အထာမသိသေးတဲ့သူတွေကိုမှ ရွေးပြီးလိမ်ကြတာများတယ်။ ဆရာမလဲ တောကပါပဲ။ တောသူတောင်သားတွေကိုနှိမ်တာမဟုတ်ဘူး"

ဆရာမကြီး၏စကားကြောင့် ကိုလှဆောင်တို့သားအဖနှစ်ယောက် တိတ်ဆိတ်သွားကြသည်။

"ဖုန်းလေးတစ်လုံးမြင်လိုက်တာနဲ့ သမီးရဲ့စိတ်တွေ အောက်တန်းကျသွားတာဟာ သမီးရဲ့နှလုံးသွင်းမမှန်ကန်လို့ဖြစ်ရတာပဲ။ နှလုံးသွင်း မမှန်ကန်တော့ အခုလို ဒုက္ခတွေရောက်ရတတ်တယ်။ လိမ်တဲ့သူကိုချည်းပဲ အပြစ်ပြောလို့မရဘူး။ ကိုယ်ကလဲ ဗဟုသုတရှိရမယ်။ မတော်မတရားလိုချင်တဲ့ လောဘကိုလဲ ချုပ်တည်းနိုင်ရမယ်။ တကယ်တော့ အလိမ်ခံရတယ်ဆိုတာက လောဘကြီးလို့ပဲ။ ကိုယ့်လောဘက ကိုယ့်ကို လှည့်ကွက်ထဲမရောက်ရောက်အောင် တွန်းပို့လိုက်တာ။ အခုဟာက သမီးက သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်အောင် လောဘနဲ့ကြံလိုက်တာကိုး"

"ဟုတ်ပါတယ်ဆရာမရယ် ကျုပ်သင်ခန်းစာရလိုက်ပါပြီ"

"အတွေ့အကြုံဆိုတာ မိမိအတွက် သင်ခန်းစာပဲ။ သင်ခန်းစာမှ မယူတတ်ရင် ဘယ်လောက်ပဲအတွေ့အကြုံများများ အဲဒီအတွေ့အကြုံဟာ အလကားပဲ။ ဒီသင်ခန်းစာက သမီးအတွက်တင် မဟုတ်ဘူး။ ရိုးသားတဲ့ အတွေ့အကြုံမရှိသေးတဲ့ သမီးတို့ရွာကလူတွေကိုပါ သိအောင်ပြောပြရမယ် "

ကိုလှဆောင်တို့ သားအဖနှစ်ယောက် ဆေးရုံမှဆင်းလာခဲ့ကြသည်။ ဆရာမကြီး၏ စကားများသည် မိနှောင်းအတွက် အသိဉာဏ်ပွင့်လင်းစေသလို သတိသံဝေဂလည်းရစရာပင်ဖြစ်သည်။ သင်္ဘောပေါ်အရောက်တွင် အိတ်ထဲ၌ပါလာသည့် ပိုက်ဆံအိတ်လေးကို မိနှောင်းထုတ်ကြည့်လိုက်၏။ ပိုက်ဆံအိတ်ထဲမှ ဖုန်းလေးသည် မိနှောင်းစိတ်ကို စနိုးစနောင့်ဖြစ်စေသည်။ ဖုန်းလေးကိုအသာယူ၍ ဖွင့်ကြည့်လိုက်သည်။ မည်သည့်ဆော့ဝဲမျှ ထွက်မလာသလို ပါဝါလည်းပွင့်မလာ။ မိနှောင်း မြစ်ထဲသို့ ပစ်ချလိုက်ပါတော့သည်။

## လုပ်အားကိုယ်စီ ရှေ့သို့ချီ

\- ဆောင်းအရိပ်တွေနဲ့
ကောင်းနိမိတ် ပြည့်စုံစေ၊
ငွေမင်ရည် သစ္စာပြု
ဆုထူးပန်ခြွေ၊
မြူနှင်းက တဝေဝေ
မြောက်ပြန်လေ သက်သေထား၊
သတ္တဝါတွေ ဘေးမသန်း
အေးချမ်းစေသား။

\- လောကီဘုံ လူအများ
လုပ်အားနဲ့ ဝမ်းစာရှာ၊
ပညာရှင် ဉာဏ်တန္ခိုး
သုံးမှုဝေဆာ၊
ကာယအား စဉ်မကွာ
တူယှဉ်ကာ ရှေ့သို့တိုး၊
ဖေးမကူ
တွေးဆယူ မြတ်စိတ်ထား
အားဖြစ်တန်ဖိုး။

\- တို့ရပ်ရွာ တို့ပြည်ကျိုး
သယ်ပိုးလို့ ရွက်ဆောင်မည်၊
လုပ်ငန်းတာ ကိုယ်စီလှမ်း
ဦးထမ်းပဲ့ညီ၊
သီးထပ်နဲ့ သီးညှပ်တည်
မှန်းမျှော်ရည် ထုတ်ကုန်များ၊
လုပ်အားအစုံအလင်
အဟုတ်မကြွား တစ်ပုံတစ်ပင်ပါ့
ရဂုံတစ်ခွင် ပန်းသင့်ပါလို့
ဂုဏ်ဝင့်စေသား။

**ညိုဆွေဝင်း(YNT)**

## တောင်တွင်းကြီးမြို့နယ် အောင်းပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်းပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အောင်းပေါက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ သတ်မှတ်ထားသော ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်း ဆောင်ရွက်မှုရှိ၊ မရှိ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၈သိန်းထိ ထုတ်ချေးပေးထားကြောင်းသိရသည်။ **နွဲ့ယဉ်**

# ဗလငါးတန် ပြည့်အားမာန် ချမ်းသာကြွယ်ဝလိုတိုင်းရ

**ဘောဂဗလဖြည့်ဆည်းကြ**

လူ့ဘဝတွင် လူအဖြစ်ကိုရလာသူတိုင်းသည် ဘဝကို ပျော်ရွှင်ချမ်းသာစွာဖြတ်သန်းလိုကြသည်။ ဘဝနေဝင်ချိန်ကို ကြိုတင်မသိနိုင်သော်လည်း နေဝင်ချိန်သို့မရောက်မီ ရှင်သန်ရသည့်ကာလအတွင်း ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုကြ၍ ငွေကြေးပစ္စည်းဥစ္စာတို့ကို အစွမ်းကုန်ကြိုးစားရှာဖွေတတ်ကြသည်။ ဖြူစင်သန့်ရှင်းသည့် မွန်မြတ်သောအသက်မွေးဝမ်းကျောင်းဖြင့် ချမ်းသာကြွယ်ဝခြင်းကို ဖန်တီးရယူထားနိုင်ကြသူများသည် ဘဝခရီးကိုပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ "စား၊ ဝတ်၊ နေရေး" ဆိုသည့် လောကကဖန်တီးပေးထားသည့် အရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းနေကြရသည့် လူတို့သည် ငွေကြေးပစ္စည်းဥစ္စာတို့ကို မဖြစ်မနေရှာဖွေစုဆောင်းကြရမည်ဖြစ်သည်။ ပျော်ရွှင်ချမ်းမြေ့သော လူ့ဘဝကိုဖန်တီးပုံဖော်နိုင်ရန်အတွက် "ဘောဂဗလ" တည်းဟူသော ပစ္စည်းဥစ္စာအားကို ဖြည့်ဆည်းထားနိုင်ရေးလူတိုင်း မဖြစ်မနေကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

ပစ္စည်းဥစ္စာရှာဖွေ၍ ဘောဂဗလပြည့်စုံရေး ကြိုးစားဆောင်ရွက်ကြရန်အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များကို တည်ဆောက်ရယူမည့် လူ့ဘဝအစ လူငယ်ဘဝကအရေးကြီးဆုံးပင်ဖြစ်သည်။ "သတိမမူဂူမမြင်" ဆိုသည်နှင့်အညီ လူငယ်တို့သည် ဘဝခရီးလမ်းသို့ စတင်ဝင်ရောက်လျှောက်လှမ်းကြရာတွင် ဘောဂဗလပြည့်စုံကြရေးအတွက် လိုအပ်သည့်အသိပညာ၊ အတတ်ပညာများကိုရှာဖွေစုဆောင်းရန် မေ့လျော့နေတတ်ကြသည်။ ပျော်ရွှင်အောင်မြင်သောဘဝကိုရယူပိုင်ဆိုင်လိုကြသည့် လူငယ်တိုင်းသည် လူ့ဘဝ၏ ပဓာနလိုအပ်ချက်ဖြစ်သည့် ပစ္စည်းဥစ္စာရှာဖွေနိုင်ရေးအတွက် လိုအပ်သည့်လက်နက်ကိရိယာများကို ကြိုတင်ပြင်ဆင်တပ်ဆင်ထားရမည်ဖြစ်သည်။ ပညာသင်ကြားရမည့်အရွယ်တွင် ပညာကိုအပတ်တကုတ်လေ့လာဆည်းပူးရမည်ဖြစ်သည်။ ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေရသော အသိပညာများနှင့် နှုတ်မှုပညာ၊ လက်မှုပညာစသည့် အတတ်ပညာတို့ကို စနစ်တကျလေ့လာလိုက်စားထားနိုင်သူများသည် မှန်ကန်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုကိုရရှိကာ ပစ္စည်းဥစ္စာကိုပြည့်စုံစွာရှာဖွေရယူနိုင်မည်ဖြစ်သည်။

**ပန်းတိုင်ဆီသို့ ဇွဲမလျှော့ဘဲလျှောက်ကြစို့**

အတိတ်ကံကြောင့် နိဗ္ဗာန်မရမီစပ်ကြားတွင် လူသားတစ်ဦးအနေဖြင့် မွေးဖွားလာကြရာ၌ ကံကပေးသည့်အခြေအနေတို့သည် တစ်ဦးနှင့်တစ်ဦးမတူညီကြပေ။ ငယ်စဉ်ကလေးဘဝကတည်းကပင် ဘဝပေးအခြေအနေအရ ပညာရေးကိုဆုံးခန်းတိုင်သည်ထိ သင်ယူနိုင်ခြင်းမရှိဘဲ "စား၊ ဝတ်၊ နေရေး" အတွက် ပင်ပန်းဆင်းရဲစွာဘဝကိုဖြတ်သန်း၍ အရွယ်နှင့်မမျှသည့် ဘဝဝန်ထုပ်ဝန်ပိုးများကို သယ်ပိုးရန်အတွက် အလုပ်လုပ်ကိုင်နေကြရသည့် လူငယ်များလည်းရှိကြသည်။ အတိတ်ကံသည် ပြင်ဆင်ရန်မဖြစ်နိုင်တော့သဖြင့် ပေးသည့်ဘဝရသောအခြေအနေတွင် အကောင်းဆုံးရပ်တည်၍ ဘဝလမ်းကို ကြိုးစားလျှောက်လှမ်းကြရန်သာဖြစ်သည်။

အတန်းပညာကို သင်ယူခွင့်မရသော်လည်း အတတ်ပညာတစ်ခုခုကိုဆုံးခန်းတိုင်အောင် ကြိုးစားသင်ယူမည်ဆိုပါက အောင်မြင်ပျော်ရွှင်သောဘဝကို ရယူနိုင်ပြီး ဘောဂဗလတည်းဟူသောပစ္စည်းဥစ္စာများကို ရှာဖွေစုဆောင်းနိုင်ကြမည်ဖြစ်သည်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ စာရေးဆရာစသည့် ပညာတတ်စာပေဖြင့် အသက်မွေးအပ်သောလူပုဂ္ဂိုလ်များကိုသာ လူ့အသိုက်အဝန်းက လိုအပ်နေသည် မဟုတ်ပေ။ အတန်းပညာမသင်ကြားခဲ့ရသဖြင့် စာပေဖြင့် အသက်မွေးနိုင်ခြင်းမရှိဘဲ အတတ်ပညာဖြင့် အသက်မွေးရသည့် ဝပ်ရှော့ရုံက လူငယ်ကလေးတစ်ဦးကလည်း ကားလုပ်ငန်းရှင်တစ်ဦးဖြစ်နိုင်သကဲ့သို့ သာမန်ကျောက်တူးသမား လူငယ်ကလေးကလည်း ကျောက်ကုန်သည်ကြီးတစ်ဦး ဖြစ်လာနိုင်သဖြင့် "ငုပ်မိသဲတိုင် တတ်နိုင်ဖျားရောက်" ဆိုသည့်စကားပုံနှင့်အညီ အပတ်တကုတ်ကြိုးစားအားထုတ်ကြရန်သာ လိုအပ်သည်။

❖ လူငယ်များသည် ဘဝပင်လယ်ပြင်တွင် ရွက်လွှင့်ကြရမည့်သူများဖြစ်သဖြင့် လိုအပ်သည့်ပြင်ဆင်မှုများကို ပြင်ဆင်ကြရမည်ဖြစ်သည်။ ဘဝပြည့်စုံရေးအတွက် မဖြစ်မနေလိုအပ်သည့် ပစ္စည်းဥစ္စာများကို မှန်ကန်သည့်အသက်မွေးမှုဖြင့် ရှာဖွေနိုင်ရေးအတွက် အခြားလိုအပ်သည့် အရာများကို ကြိုတင်လေ့လာဆည်းပူးဖြည့်ဆည်းထားသင့်သည်။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းခြင်းတည်းဟူသော ကာယဗလ၊ ပညာဉာဏ်ပြည့်စုံခြင်းတည်းဟူသော ဉာဏဗလ၊ အကျင့်သီလပြည့်စုံကောင်းမွန်ခြင်းတည်းဟူသောစာရိတ္တဗလ၊ မိတ်ကောင်းများနှင့် ပေါင်းဖက်ရခြင်းတည်းဟူသော မိတ္တဗလတို့ကိုလည်း ပြည့်စုံအောင်ဖြည့်ဆည်းထားရမည်ဖြစ်သည်။ ❖

**မှန်မှန်ကန်ကန်အသက်မွေးရန်**

အတိတ်ကံကိုအခြေခံ၍ ဖြစ်လာသည့် လက်ရှိပစ္စုပ္ပန်ဘဝကို လှပအောင်ပုံဖော်ရေးဆွဲနိုင်မှသာလျှင် အနာဂတ်ပန်းချီကားသည် အရောင်အသွေးစုံလင်၍ ကြွရွလှပနေမည်ဖြစ်သည်။ လောဘနှင့်မကင်းသည့် လူ့ဘဝကိုရလာသည့်လူငယ်တိုင်းသည် ချမ်းသာကြွယ်ဝရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ သို့ရာတွင် မှန်ကန်သည့် အသက်မွေးဝမ်းကျောင်းဖြင့် မိမိနှင့်မိမိကျင်လည်ရာပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်သည့် လုပ်ရပ်များဖြင့် ဘောဂဗလကိုဖြည့်ဆည်းနိုင်ရေး ကြိုးစားသင့်သည်။ ရှင်မဟာရဋ္ဌသာရ၏လူ့မှုကျင့်ဝတ်ဆုံးမစာတွင် "သူ၏ဥစ္စာသူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတစ်အိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ" ဟုဆုံးမထားသည်။ ချမ်းသာပျော်ရွှင်သော ဘဝကိုရယူပိုင်ဆိုင်နိုင်ကြစေရေးအတွက် ဥစ္စာပစ္စည်းရှာဖွေကြရာတွင် မိမိတရားသဖြင့် ရသင့်၊ ရထိုက်သောပစ္စည်းဥစ္စာမှအပတစ်ပါး သူပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို မည်သည့်နည်းနှင့်မျှရယူခြင်း မပြုသင့်ပေ။

သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမစေ၊ ကြီးလောဘကို မျှတစေဆိုသည်နှင့်အညီ မတော်လောဘဖြင့် ချမ်းသာကြွယ်ဝရန် မကြိုးစားသင့်ပေ။ လောဘ၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်မိကာ မကောင်းမှုဖြင့်အသက်မွေးဝမ်းကျောင်းပြုမိ၍ အဆုံးတွင် ဘဝပျက်စီးရသည့်အခြေအနေသို့ မရောက်မိစေရန် သတိပြုသင့်သည်။ စဉ်းစားချင့်ချိန်နိုင်စွမ်းမရှိဘဲ လောဘ၏ဖြားယောင်းသွေးဆောင်မှု နောက်လိုက်မိပြီး မိမိ၏ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများသည် မှန်ကန်သောလုပ်ရပ်များမှသွေဖည်ကာ အဂတိလိုက်စားမှုများကိုကျူးလွန်၍ မိမိချမ်းသာကြွယ်ဝရေးအတွက် တရားနှင့်ဆန့်ကျင်သောလုပ်ရပ်များကိုပင် ကျူးလွန်တတ်ကြသည်။ အဂတိလိုက်စားမှုများဖြင့် ကြွယ်ဝချမ်းသာမှုသည် မတည်မြဲနိုင်ပေ။ သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရားရှင်ကသိင်္ဂါလသတို့သားကို ဆုံးမခဲ့ရာတွင်လည်း အဂတိလိုက်စားမှုကျူးလွန်သူများသည် လဆုတ်သောအခါ လမင်း၏အရှိန်အဝါသည် တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်လာသကဲ့သို့ စည်းစိမ်ဥစ္စာ၊ ဂုဏ်ပကာသနနှင့် အခြံအရံအကျော်အစောအပေါင်းသည်လည်း တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်တတ်သည်ဟု ဟောကြားခဲ့သည်။

**လောဘကင်းသည့်ချမ်းသာခြင်းသို့**

လောဘ၏သဘောသဘာဝသည် အတောမသတ်ရှိတတ်သဖြင့် မိမိ၏ ရသင့်ရထိုက် ရှိသင့်ရှိထိုက်သောကြွယ်ဝချမ်းသာမှုဖြင့် တင်းတိမ်ရောင့်ရဲခြင်းရှိရမည်။ ချမ်းသာကြွယ်ဝရန် အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်ဟုဆိုသော်လည်း မှန်ကန်သည့်အသက်မွေးမှု၊ မှန်ကန်သည့်လုပ်ရပ်တို့ဖြင့် ရှာဖွေအပ်သောမွန်မြတ်သန့်ရှင်းသည့် ဝင်ငွေဖြင့်သာ ချမ်းသာကြွယ်ဝရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ မကောင်းမှုဒုစရိုက်များဖြစ်သည့် သူတစ်ပါးပစ္စည်းကို မတရားရယူခြင်း၊ ခိုးယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မမှန်မကန်ပြုကျင့်၍ အဂတိလိုက်စားခြင်း စသည်တို့ဖြင့် အသက်မွေးခြင်းမရှိစေရန် အထူးဂရုပြုဆောင်ရွက်သင့်ပေသည်။

လူ့ဘဝလိုအင်ဆန္ဒများတွင် ပစ္စည်းဥစ္စာပြည့်စုံလိုခြင်းဆန္ဒသည် အဓိကပင်ဖြစ်ပြီး ထိုလိုအင်ဆန္ဒကြောင့်ပင် လောဘတရားများပေါက်ဖွားလာတတ်ပြီး မကောင်းသည့် လုပ်ရပ်များဖြင့် အသက်မွေးတတ်ကြသဖြင့် တောင်ဖီလာဆရာတော်၏လောကသဘာဝဆုံးမစာတွင် " သီလငါးပါး၊ ကျင့်သူအားကို၊ စီးပွားရမွက် လောဘဖျက်သည်"ဟု ဆုံးမထားခြင်းဖြစ်သည်။ ချမ်းသာကြွယ်ဝလိုခြင်းတည်းဟူသော စိတ်သည် သာမာန်ထက်လွန်ကဲလာသည့်အခါ၊ မိမိရသင့်ရထိုက်သည်ထက် ပိုမိုလိုအပ်လာသည့်အခါလောဘတက်ပြီး မလုပ်သင့် မလုပ်အပ်သောလုပ်ရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုတတ်ကြသဖြင့် သတိပြုသင့်သည်။

**ထိုက်သည့်ဥစ္စာတည်မြဲရာ**

လူငယ်များသည် ဘဝတက်လမ်းကိုဖန်တီးပုံဖော်ကြရာတွင် ဘောဂဗလဆိုသည့် ပစ္စည်းဥစ္စာပြည့်စုံရေးသည် အရေးကြီးသည်ဟုဆိုသော်လည်းဘဝပေးအခြေအနေအရ မိမိအသက်မွေးဝမ်းကျောင်းပြုရသည့် လုပ်ငန်းနှင့်ထိုက်တန်သည့် ငွေကြေးဥစ္စာကိုသာ လိုချင်တောင့်တသင့်သည်။ "ကံနှင့်ပေးမှ ဌေးကြွယ်ဝ လောဘမမွန်နှင့်" ဟု ညောင်ပင်သာဦးပုည၏သုတရတနာဆုံးမစာတွင် ဆုံးမထားသည်။ ငယ်ငယ်ကသင်ခဲ့ရသည့် မိမိဆီသို့ရောက်လာသည့် ရွှေခွက်ကို အလကားရယူလို၍ လောဘဇောတက်မိ၍ အသက်ဆုံးရှုံးခဲ့ရသည့်မိုက်သောရွဲကုန်သည်၏ ဇာတ်ကြောင်းကို ပြန်ပြောင်းတွေးမိသည်။ လူငယ်များသည် လူ့အသိုက်အဝန်း၏ အနာဂတ်၊ နိုင်ငံ၏အနာဂတ်ပင်ဖြစ်သဖြင့် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေးသည် အလွန်အရေးကြီးသည်။

လောကတွင် အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် ပစ္စည်းဥစ္စာကို မဖြစ်မနေရှာဖွေရမည်ဟု ဆိုသော်လည်း ပစ္စည်းဥစ္စာဆိုသည်မှာ ပိုင်ဆိုင်သူ၏စိတ်ကို ချမ်းသာစေမှသာလျှင် စစ်မှန်သော ပစ္စည်းဥစ္စာဖြစ်သဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာနှင့်ပင်စိတ်ချမ်းသာအောင်နေတတ်ရမည်ဖြစ်သည်။မွန်မြတ်သည့် အသက်မွေးမှုဖြင့် ရှာဖွေစုဆောင်းအပ်သောပစ္စည်းဥစ္စာသည် ရေရှည်တည်တံ့တတ်ပြီး မကောင်းသည့် အသက်မွေးမှုဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာတို့သည် အချိန်တန်သည့်အခါ ရန်သူမျိုးငါးပါး၏ ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရတတ်သည်။

**ဗလငါးတန်ပြည့်အားမာန်**

လူငယ်များသည် ဘဝပင်လယ်ပြင်တွင် ရွက်လွှင့်ကြရမည့်သူများဖြစ်သဖြင့် လိုအပ်သည့်ပြင်ဆင်မှုများကိုပြင်ဆင်ကြရမည်ဖြစ်သည်။ ဘဝပြည့်စုံရေးအတွက် မဖြစ်မနေလိုအပ်သည့် ပစ္စည်းဥစ္စာများကို မှန်ကန်သည့်အသက်မွေးမှုဖြင့် ရှာဖွေနိုင်ရေးအတွက် အခြားလိုအပ်သည့်အရာများကို ကြိုတင်လေ့လာဆည်းပူးဖြည့်ဆည်းထားသင့်သည်။ကိုယ်ခန္ဓာကျန်းမာသန်စွမ်းခြင်းတည်းဟူသော ကာယဗလ၊ ပညာဉာဏ်ပြည့်စုံခြင်းတည်းဟူသော ဉာဏဗလ၊ အကျင့်သီလပြည့်စုံကောင်းမွန်ခြင်းတည်းဟူသောစာရိတ္တဗလ၊ မိတ်ကောင်းများနှင့်ပေါင်းဖက်ရခြင်းတည်းဟူသော မိတ္တဗလတို့ကိုလည်းပြည့်စုံအောင်ဖြည့်ဆည်းထားရမည်ဖြစ်သည်။ သို့မှသာ ပစ္စည်းဥစ္စာရှာဖွေရာတွင် အလုပ်အကိုင်အခွင့်အလမ်းကို အလွယ်တကူရှာဖွေနိုင်ပြီး မွန်မြတ်သည့်အသက်မွေးမှုဖြင့် ဘောဂဗလကိုဖြည့်ဆည်းနိုင်မည်ဖြစ်သဖြင့် ဗလငါးတန်ပြည့်ဝခြင်းဖြင့် ချမ်းသာကြွယ်ဝခြင်းကို ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

– **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**

**လင်းလက်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတွင် ကင်းမွန်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကင်းမွန်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ကင်းမွန်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလတွင် ကင်းမွန်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိသာလျှင် ငွေကျပ် ၂၁၀၀၀ မှ ၂၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"လပွတ္တာဒေသကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေပုံမှန်တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကင်းမွန်တွေ အဝင်များနေပါတယ်။ အရင်ကထက်လဲ အရောင်းအဝယ်သွက်လာပါတယ်။ ပွင့်လင်းရာသီရောက်လာတာနဲ့အမျှ အခုထက် ပိုမိုတင်ပို့ ရောင်းချရဖို့ရှိပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလကထက် ဒီဇင်ဘာလအတွင်း ကင်းမွန်ပိသာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ကုန်များများ တင်ပို့ရောင်းချအားရှိခဲ့တော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျ စစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကင်းမွန်များ ဝယ်ယူမှုကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း ဒေါ်ရီရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ် ပါကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းခတ် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရည်ရွယ်၍ ပါကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ပါကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က ဆောင်ရွက်ပြီးလုပ်ငန်းကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းခတ်မြို့နယ် ပါကန်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၈၁၄ သန်းဖြင့် Enliven Group နှင့် ရွှေချယ်ရီဦးကုမ္ပဏီတို့က ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က ပြောပြ၍ သိရသည်။

**အေးသူ**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၁၉၄ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၁၉၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၄၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၁၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ မတ်ပဲ ၁၆၄၂၈ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၆၁၉၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၇၄ ဧက၊ မြင်းမူမြို့နယ်တွင် ၁၉၈၃ ဧက၊ မြောင်မြို့နယ်တွင် ၁၂၅၃၇ ဧက စုစုပေါင်း ၁၆၁၉၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၁၈၉၀၊ မြင်းမူမြို့နယ်တွင် ၂၁၀၅ ဧက၊ မြောင်မြို့နယ်တွင် ၁၂၄၃၃ ဧက စုစုပေါင်း ၁၆၄၂၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် မတ်ပဲစိုက်ပျိုးတောင်သူများကို အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်း ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် ခနော်မကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခနော်မကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးလင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခနော်မကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# မြို့သစ်မြို့နယ် ဒေါ်ယင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေါ်ယင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒေါ်ယင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ဒေါ်ယင်းကုန်းကျေးရွာတွင် လမ်းအရှည် ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၃ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိအိမ်ခြေ ၂၈၆ အိမ်၊ လူ ၁၂၁၄ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

**အထွေး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ငွေးမောင်၏တိုက်ပွဲခေါ်သံ

**ပုသိမ်အောင်သန်းဦး**

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ပင် ဝင်ရောက်ကူးစက်လာရာ ချောက်မြို့သူ၊ မြို့သား အများအပြားသည် ကျေးရွာများသို့ စစ်ဘေးရှောင်ခဲ့ကြသည်။ မောင်ရွှေမောင်တို့ညီအစ်ကိုကား စစ်ဘေးရှောင်မိဘများ၏အိမ်ကို စောင့်ရှောက်ရန် ကျန်ရစ်ခဲ့ကြသည်။ မောင်ရွှေမောင်တို့၏မျက်နှာချင်းဆိုင်တွင် ဦးကျော်မင်း နေထိုင်၏။ သူ့မိသားစုများမှာ ပုပ္ပားဘက်သို့ စစ်ဘေးရှောင်နေသဖြင့် သူတစ်ဦးတည်း အိမ်တွင်ကျန်ရစ်သည်။

မောင်ရွှေမောင်တို့ညီအစ်ကိုသုံးဦးတို့သည် ညအချိန်တွင် ဦးကျော်မင်းအိမ်သို့ကူးကာ မယ်ဒလင်တီး သီချင်းဆိုခဲ့ကြ၏။ သူတို့သည် သီချင်းဆိုကြ၊ နိုင်ငံရေးအခြေအနေ ဆွေးနွေးကြဖြင့်နေကြရာမှ ဂျပန်များဝင်လာသောအခါ အင်္ဂလိပ်တို့သည် ချောက်မြို့ကို မြေလှန်စနစ်ကျင့်သုံးခဲ့ရာ မောင်ရွှေမောင်တို့လည်း မိဘများရှိရာ ပခန်းငယ်သို့ ပြေးခဲ့ကြရသည်။

ရေနံချောင်းမြို့အနီး ပင်းချောင်းဝန်းကျင်တွင် တိုက်ပွဲများဖြစ်ရာ မောင်ရွှေမောင်သည် မိဘများ မသိစေရန် တိတ်တဆိတ် သွားရောက်ကြည့်ရှုရာ စစ်၏အနိဋ္ဌာရုံများကို တွေ့ရလေသည်။

မောင်ရွှေမောင်တို့မောင်နှမ လေးဦးအနက် သားအကြီး ကိုရွှေအောင်မှာ နိုင်ငံရေးထက် စီးပွားရေးကိုသာ ပိုမိုစိတ်ဝင်စားသည့်အားလျော်စွာ ရသမျှ ပစ္စည်းစုခြင်း၊ ကုန်များလှောင်ခြင်း၊ လှေဖြင့်ကုန်ကူးခြင်းအလုပ်များကိုသာ လုပ်ကိုင်လျက်ရှိသည်။

ညီငယ် မောင်ရွှေဆောင်မှာ မျိုးချစ်စိတ်ရှိသူဖြစ်ရကား ဘီအိုင်အေတပ်များ ချောက်သို့ရောက်ရှိလာသည်နှင့် တပ်ထဲသို့ဝင်ခဲ့လေသည်။

ချောက်မြို့ ပြန်လည်တည်ငြိမ်လာသောအခါ ဦးကျော်မင်းတို့ ပြန်လာကြသည်။ သူ့အမျိုးသမီးမှာ စစ်ဘေးရှောင်ရင်း ကွယ်လွန်ခဲ့သည်။ မောင်ရွှေမောင်မှာလည်း သူ့ချစ်သူ ခင်မြမြနှင့်ပြန်လည်ဆုံတွေ့ကြသည်။ ညီငယ် မောင်ရွှေဆောင်မှာ မန္တလေးတွင် သူတို့တပ်ကို ဖျက်သိမ်းလိုက်သဖြင့် ပြန်ရောက်လာသည်။ သူ့ညီမငယ် မြသီမှာ အချစ်ရေးရာပြဿနာများဖြင့် ဗျာများနေသည်။

မြန်မာတစ်ပြည်လုံးကို ဂျပန်များက သိမ်းပိုက်လိုက်ပြီလည်းဖြစ်သည်။ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီများပေါ်လာသည်။ သက်ဆိုင်ရာနိုင်ငံရေးခေါင်းဆောင်များလည်း ချောက်မြို့သို့ ရောက်လာသည်။ မကြာမီ ဂျပန်ကို တိုက်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေမောင်တို့မှာ မလွှဲမရှောင်သာ ဂျပန်များနှင့်ဆက်ဆံနေရသည်။ ဂျပန်စစ်ဗိုလ်များကို ဖိတ်ကာ ထမင်းကျွေးရသည်။ ဤတွင် ဂျပန်စကားပြန် မောင်တင်သည် မြသီကိုမြင်ပြီး စိတ်ဝင်စားကာ ပိုးပန်းသည်။ ထိုအချိန်တွင် ဗြိတိသျှလေယာဉ်များကလည်း ချောက်မြို့ကို ဗုံးများလာရောက်ကြဲချလျက်ရှိရာ မောင်ရွှေမောင်၏ချစ်သူ ခင်မြမြနေအိမ်မှာ ရေနံအဆောက်အအုံများနှင့်နီးသဖြင့် ချောက်မြို့နှင့် သုံးမိုင်ကွာ အုံပုပ္ပားရွာသို့ ပြောင်းနေကြသည်။

ဂျပန်ဖက်ဆစ်တို့သည်လည်း မြန်မာလူထုအပေါ် ရက်စက်ယုတ်မာစွာ အုပ်ချုပ်လေရာ မောင်ရွှေမောင်တို့ညီအစ်ကိုမှာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့များသို့ ဝင်ခဲ့ကြသည်။ ဤကဲ့သို့သော အခြေအနေတွင် မြသီ လင်နောက်လိုက်ပြေးသည်။ စကားပြန် မောင်တင်နှင့်ဖြစ်သဖြင့် ဒေါသထွက်ကြသည်။ သို့သော် မြသီမှာ မောင်တင်ကိုမကြိုက်၊ ရွှေမောင်တို့ညီအစ်ကိုများ ဂျပန်ဆန့်ကျင်ရေးလုပ်နေသည်ကို အထောက်အထားများနှင့်တွေ့မြင်နေရသောကြောင့် စကားပြန်မောင်တင်က ဂျပန်ကိုအသိပေးပါက သူ့အစ်ကိုများ အဖမ်းခံရကာ အသက်ပါဆုံးရှုံးရမည်စိုးသဖြင့် မောင်တင်ကို ယူခဲ့ရခြင်းဖြစ်ကြောင်း သိရသောအခါ ယူကျုံးမရဖြစ်ကြရသည်။

ဦးကျော်မင်းနှင့် မောင်ရွှေမောင်တို့သည် ဂျပန်ကို အပေါ်ယံပေါင်းကာ ဂျပန်တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ ထိုစဉ် အာရှလူငယ်အဖွဲ့တွင် မမြသက်နှင့်ဆုံကြသည်။ ထင်ရှားသော အမျိုးသမီးခေါင်းဆောင် အပျိုကြီးဖြစ်သည်။ ဦးကျော်မင်းနှင့် ရင်းနှီးကြသည်။ မောင်ရွှေမောင်တို့က ဦးကျော်မင်းနှင့်နီးစပ်ချင်ကြသော်လည်း ဦးကျော်မင်းက ရှောင်၏။

အစ်ကိုဖြစ်သူ ကိုရွှေအောင်မှာ ရေနံကိုယ်စားလှယ်လုပ်ပြီး ရေနံများကို မှောင်ခိုရောင်းဝယ်လျက်ရှိ၏။ စီးပွားရေးသောင်းကျန်းနေသော ရွှေအောင်ကို မောင်ရွှေမောင်က စိတ်ပျက်၏။ ထိုကာလတွင် ညီငယ် မောင်ရွှေဆောင်မှာ သူ့ချစ်သူ မနှင်းမေနှင့် လက်ထပ်လိုက်သည်။ မောင်ရွှေမောင်မှာ ဦးကျော်မင်းတာဝန်ပေးသည့် တော်လှန်ရေးစခန်းများသို့ သွားရောက်ကူညီနေရသည်။

ဗြိတိသျှတို့သည် မြန်မာပြည်အထက်ပိုင်းကို စစ်ရှိန်မြှင့်လာသည်။ ချောက်မြို့ကိုလည်း ဗုံးကြဲတိုက်ခိုက်သည်။ ချောက်မြို့သားများ ကျေးရွာများသို့ စစ်ရှောင်ရပြန်သည်။ ထိုကာလအတွင်း မောင်ရွှေမောင်တို့လူစု ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ ဆွေးနွေးနေကြစဉ် စာရွက်စာတမ်းများနှင့်အတူ ဂျပန်တို့ဖမ်းမိသည်။ အဖမ်းခံရစဉ်က ဦးကျော်မင်းနှင့် ကိုရွှေအောင်တို့မရှိ။

မောင်ရွှေမောင်၏ယောက်ဖ မောင်တင်ကိုလည်း ထိမ်ချန်ထားမှုဖြင့် ဖမ်းသည်။ သူတို့အားလုံး ဂျပန်အကျဉ်းစခန်း၌ ရက်စက်စွာအညှဉ်းဆဲခံရသည်။ ညီငယ် မောင်ရွှေဆောင်မှာ ဂျပန်ဗိုလ်အုအေနော၏ လက်ချက်ဖြင့် သေရသည်။ မောင်ရွှေမောင်တို့ အသက်ခံရမည့်ဆဲဆဲ မဟာမိတ်များ ဗုံးလာကြဲသဖြင့် အကျဉ်းစခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ သူတို့ရေနံချောင်းရှိ ဗမာ့တပ်မတော်အမြောက်တပ်တွင် ခိုလှုံခဲ့ကြ၏။ ဗမာ့တပ်မတော်ကလည်း အထက်မှအမိန့်ရလျှင် ဂျပန်ကို တော်လှန်ရန်အသင့်ဖြစ်နေကြသည်။

ကိုရွှေအောင်ကို ဂျပန်တပ်က ခေါ်ယူစစ်ဆေးပြီး ပြန်လွှတ်လိုက်သည်။ သည့်နောက်ပိုင်းတွင် ကိုရွှေအောင်သည် ဂျပန်ငွေစက္ကူများဖြင့် ရွှေများဝယ်ကာ စုနေခဲ့သည်။ အမြင်မှန်ရလာသော စကားပြန် မောင်တင်မှာ တော်လှန်ရေးတွင်ပါဝင်ခဲ့သည်။ တော်လှန်ရေးသမားများက ဂျပန်ဗိုလ်အုအေနောကို ဖမ်းဆီးခေါ်ဆောင်လာသည်။ အုအေနောမှာ အကြောက်လွန်ပြီး ဦးနှောက်ပျက်နေသည်။ သူ့ကိုမသတ်ဘဲ ပြန်လွှတ်လိုက်ရာ လမ်းတွင် ကားတိုက်ခံရပြီး သေဆုံးသွားသည်။

တော်လှန်ရေးစတင်ရန် စေလွှတ်လိုက်သော ဆက်သားမှာ လမ်းတွင်အသတ်ခံရသဖြင့် ချောက်မြို့တွင် ဂျပန်တော်လှန်ရေးဖြစ်သည်။ ဂျပန်တော်လှန်ရေးကာလတွင် ဦးကျော်မင်း ကွယ်လွန်ခဲ့သည်။ ညီမငယ် မြသီလည်း အဖျားရောဂါဖြင့် ကွယ်လွန်သည်။

ဂျပန်တော်လှန်ရေးပြီးနောက် မောင်ရွှေမောင်သည် ပြည်သူ့ရဲဘော်တွင် အတွင်းရေးမှူးဖြစ်လာသည်။ ကိုရွှေအောင်မှာ ဖဆပလအဖွဲ့တွင် အမှုဆောင်ဖြစ်လာသည်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေစဉ် မောင်ရွှေမောင်နှင့် ခင်မြမြတို့ ပြဿနာဖြစ်သည်။ ခင်မြမြက လက်ထပ်ရန်တောင်းဆိုသည်။ မောင်ရွှေမောင်က ငြင်းသည်။ သို့ဖြင့် ခင်မြမြက ကိုရွှေအောင်ကို ရွေးလိုက်သည်။

ဖဆပလအဖွဲ့ကြီးတွင် လူတော်လူကောင်းများ ရွေးချယ်ကြသည်။ အမတ်လောင်းအဖြစ် ရွေးချယ်ရန်ဖြစ်သည်။ ကိုရွှေအောင်က မောင်ရွှေမောင်တို့ကို နယ်ဆင်းပြီး စည်းရုံးခိုင်းကာ သူက အမတ်လောင်းအဖြစ် ရွေးချယ်ခံသည်။ သို့နှင့် လူထုအစည်းအဝေးတွင် ကိုရွှေအောင် မတရားပြုမူမှုများကို ဖော်ထုတ်သည်။ အချစ်ရေးတွင် လှည့်ဖြားအနိုင်ယူသကဲ့သို့ နိုင်ငံရေးတွင်လည်း မောင်ရွှေမောင် အလှည့်ဖြားခံလိုက်ရပြန်သည်။

မောင်ရွှေမောင်က ဤကဲ့သို့သော မတရားမှုများကို ဆက်လက်တိုက်ပွဲဝင်မည်ဟူသော ရည်မှန်းချက်ကို ဝတ္ထုတွင်တွေ့မြင်ရသည်။

"တိုက်ပွဲခေါ်သံ"သည် အမျိုးသားလွတ်မြောက်ရေးနှင့်နယ်ချဲ့ဖက်ဆစ်တို့ကို တိုက်ပွဲဝင်သည့်ဝတ္ထုဖြစ်သလို အချောင်သမားနိုင်ငံရေးလုပ်စားသူများကိုလည်း ကဲ့ရဲ့ရှုတ်ချသည့်ဝတ္ထုဖြစ်သည်။ ရည်ရွယ်ချက်ကောင်းသကဲ့သို့ လွတ်လပ်ရေးအတွက် တကယ်အနစ်နာခံကိုယ်ကျိုးစွန့်ကာ အသက်အသေခံခဲ့သူများ၏သရုပ်ကို ပေါ်လွင်အောင်ဖော်ပြနိုင်ပြီး အချောင်သမားတို့၏သရုပ်ကိုလည်း ရုပ်လုံးကြွအောင် ဖော်ပြနိုင်သည်ကို တွေ့ရသည်။

ဆရာငွေးမောင်သည် ချောက်မြို့ဇာတိဖြစ်သည်။ မိဘများမှာ ကျောင်းဆရာ ဦးတိုင်းကျော်နှင့် ဒေါ်ငွေခဲတို့ဖြစ်ကြသည်။ ၁၉၂၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မွေးဖွားခဲ့သည်။

ငွေးမောင်ဟူသော ကလောင်အမည်ကို ၁၉၄၈ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းပါ "နု"ဝတ္ထုရှည်တွင် စသုံးသည်။ ၁၉၅၂ ခုနှစ်တွင် သွေးသောက်၊ ကလေးဂျာနယ်၊ မြတ်လုလင်၊ ငွေတာရီမဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တိုက်ပွဲခေါ်သံ၊ နှင်းဖြူဖြူလွင်၊ ပန်းနွယ်ရွှေရည်မလူးတည်၊ အရေးတော်ပုံ၊ သွေးဆိုး(ဘာသာပြန်)တို့အပြင် သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် "နုမှသည် တိုက်ပွဲခေါ်သံ"တို့ကိုလည်း ရေးသားခဲ့ပါသည်။

**ကိုးကား**

**- မလိခ၏ မြန်မာဝတ္ထုအညွန်း**

❖ "တိုက်ပွဲခေါ်သံ"သည် အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဖက်ဆစ်တို့ကို တိုက်ပွဲဝင်သည့်ဝတ္ထုဖြစ်သလို အချောင်သမားနိုင်ငံရေးလုပ်စားသူများကိုလည်း ကဲ့ရဲ့ရှုတ်ချသည့် ဝတ္ထုဖြစ်သည်။ ရည်ရွယ်ချက်ကောင်းသကဲ့သို့ လွတ်လပ်ရေးအတွက် တကယ်အနစ်နာခံ ကိုယ်ကျိုးစွန့်ကာ အသက်အသေခံခဲ့သူများ၏သရုပ်ကို ပေါ်လွင်အောင် ဖော်ပြနိုင်ပြီး အချောင်သမားတို့၏သရုပ်ကိုလည်း ရုပ်လုံးကြွအောင် ဖော်ပြနိုင်သည်ကို တွေ့ရသည်။ ❖

# မိုင်းတုံမြို့နယ် မုံးထရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ မုံးထရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မုံးထရွာသစ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

မုံးထရွာသစ်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ကျောက်စီရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၄၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ချမ်းသာသုခကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် မုံးထရွာသစ်ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်မှ လူ ၅၂၃ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ငရုတ်စိုက်ခင်းကိုတွေ့ရစဉ်။

**ချောင်းဦး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ ဧက ၁၅၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း စားဖိုဆောင်သီးနှံ ဧက ၁၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စားဖိုဆောင်သီးနှံ ဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၉၉၅ ဧက၊ ကြက်သွန်နီ ၇၁၄ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံ ၁၇၀၉ ဧကတို့ဖြစ်ပြီး စားဖိုဆောင်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ငရုတ် ဧက ၁၀၃၀၊ ကြက်သွန်နီ ဧက ၅၂၀ စုစုပေါင်း စားဖိုဆောင်သီးနှံ ဧက ၁၅၅၀ တို့ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းရန်အတွက် စိုက်ပျိုးနည်းစနစ်များ ပညာပေးခြင်း၊ GAP နည်းစနစ်နှင့် ပိုးမွှားကာကွယ်နှိမ်နင်းနည်း ပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ငရုတ် ဧက ၁၀၃၀၊ ကြက်သွန်နီ ဧက ၅၂၀ စုစုပေါင်း စားဖိုဆောင်သီးနှံ ဧက ၁၅၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# မြန်အောင်မြို့နယ် အင်း၀(တောင်)ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြန်အောင် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာအုပ်စု အင်း၀(တောင်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အင်း၀(တောင်)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အင်း၀(တောင်)ကျေးရွာ၌ လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ခုနစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄၅ သိန်းစုစုပေါင်းငွေကျပ် ၁၉၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်ထံမှ သိရသည်။

**သံသာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊

E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင်

**MMM Service** အသုံးပြု၍လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၇



## ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

# DENTOMEC




Fluoride ပါဝင်သောကြောင့် သွားများကို ပြုဖြေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ကျန်းမာရေးကောင်းမွန်သူများ ဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်နေ့တွင် အသက် ၃၀နှစ်ထက်မကျော်စေရ။

(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) တူရိယာပစ္စည်းတစ်မျိုးမျိုးတီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုး တတ်ကျွမ်းသူဖြစ်ရမည်။

၂။ အလုပ်လျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ဆက်သွယ်၍ ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၃။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့ရမည်။

၄။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အမှတ်(၁)တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

**My Home ခြင်လုံလိုက်ကာ**

| | | |
|---|---|---|
| (1) Sale (Female) | → | 2 Posts |
| (2) Accounting (Female) | → | 1 Posts |
| လစာ- 200000 မှ 350000 | | |
| (3) မော်တာစက်ချုပ်ကျွမ်းကျင်(မ) | → | ၃ ဦး |
| (4) အထွေထွေဝန်ထမ်း (ကျား) | → | ၂ ဦး |

* အလုပ်လျှောက်ရန်ဆက်သွယ်မေးမြန်းလိုပါက *

ဆက်သွယ်ရန်-Ph 09-778897932

Viber 09-962815968

အလုပ်လိပ်စာ- လမ်း 60 × 110

### ပျောက်ဆုံးကြောင်း

မြိုင်မြို့နယ်၊ ကန်တိန်အုပ်စု၊ သစ်ပင်ကြီးကျေးရွာနေ ကိုဇော်မင်းနိုင် (ဘ) ဦးသောင်းငွေ(၈/မမန(နိုင်)၂၁၁၈၁၈) ၏ နိုင်ငံကူးလက်မှတ် အမှတ် (M-201102) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၆၉၃၁၅၅

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ပညာမဏ္ဍိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (မိခင်)ဒေါ်လေးသက်ထား(၅/အတန(နိုင်)၀၀၂၄၇၄)၏သား မောင်နေယံလင်းထက် အား မောင်နေယံလင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေယံလင်း**


**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။





### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်နေ ဦးဇော်တိုး (ဘ) ဦးအုန်းမောင်(၉/ကဆန(နိုင်)၁၁၀၀၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-140972)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၃၉၀၅၂၆၁၅

## ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

Tender No. : GRGI/P&T/004/23-24

၁။ GRGI Company Limited မှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်စက်မှုဇုန်ရှိ အကွက်အမှတ် **(F-8/ ခ - ၂)၊(စ)ရပ်ကွက်၊၁၃၃လမ်း၊၇၀လမ်းနှင့်၇၁လမ်းကြား**တွင် 500kVA, 11/0.4kV, Sub-Station With Power Distribution Panel တပ်ဆင်ခြင်း (Material & Installation) လုပ်ငန်းအတွက် ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ခေါ်ယူလိုပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၉-၄၀ ၂၆၇၈၆၈၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ အထက်ပါတို့အတွက်ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို Detail Specifications များနှင့်တကွ Chief Finance Officer၊ အမှတ်(၃၃)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်သော်လည်းကောင်း (၁၄-၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။


သစ်ပင်
စိုက်မှ
အရိပ်
ရ၏
ရိပ်ခို
နားနေ
အပန်း
ပြေ၏



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရှင်မြင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာအမျိုးသားလေကြောင်းလိုင်း၏ Cargo လေယာဉ်ကို အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်သည့်ခရီးစဉ်များ ပိုမိုချဲ့ထွင်ပျံသန်းနိုင်ရန် စီစဉ်ထား



**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ **Boeing 737-800 Freighter** လေယာဉ်အား ကြိုဆိုသည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

လေယာဉ်အမှတ် **9M-WCA**၊ **Cargo** လေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှထွက်ခွာ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ကြိုဆိုပွဲအခမ်းအနားကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါလေယာဉ်ကို မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀ ~ ၈၂၄၀၀၇



မင်္ဂလာအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..